# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### နိဗ္ဗာန်တစ်ဖက်ကမ်းသို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ သောကြာနေ့ အတွဲ (၆၁)၊ အမှတ် (၀၇၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Saurabh Kumar အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Saurabh Kumar အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁✻*


**ယနေ့ ဖတ်စရာ**

**နာစရာရှိရင် လွမ်းစရာနဲ့ဖြေကြပါ** — ဆောင်းပါး စာ - ၆

**အိုမီခရွန်ကပ်ဘေးကလွတ်မြောက်ပြီး ကမ္ဘာကြီးကို ကယ်တင်ဖို့ ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးကြစို့** — နိုင်ငံတကာရေးရာ စာ - ၁၄

**ကျေးလက်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသော အခြေခံအုတ်မြစ်ဖြစ်သည့် "ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်"** — ဆောင်းပါး စာ - ၁၆

# အကြမ်းဖက်ဝါဒနှင့်လမ်းစဉ် ပြည်သူ့အားဖြင့် ဖော်ထုတ်ဆန့်ကျင်

ဒီမိုကရေစီရေးနှင့် စစ်အာဏာရှင်ဆန့်ကျင်တော်လှန်ရေးဟူသော ခေါင်းစဉ်ကို တပ်ထားစေကာမူ အကြမ်းဖက်ဝါဒ၊ အကြမ်းဖက်လမ်းစဉ်တို့၏ လုပ်ရပ်များက တစ်နေ့ထက်တစ်နေ့ပို၍ ပေါ်လွင်ထင်ရှားလာနေသည်။ ဒလန်ရှင်းလင်းရေး၊ အစိုးရဒေါက်တိုင်များ သုတ်သင်ရေးဟူသော ခေတ်ဟောင်းက ဗကပတို့၏ လုပ်နည်းလုပ်ဟန်များကို အတုယူလုပ်ဆောင်ကာ အကာအကွယ်ကင်းမဲ့နေသည့် လက်နက်မဲ့ပြည်သူများအား တစ်ဦးတစ်ယောက်ချင်းမှသည် မိသားစုတစ်စုလုံး၊ အမျိုးသမီးကြီးငယ်များ၊ ကလေးများပါမကျန် လုပ်ကြံသတ်ဖြတ်မှုများကို အကြမ်းဖက်သမားများက ကျူးလွန်ခဲ့ကြသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၁၄ ရက်နေ့သည်ကား နိုင်ငံ့ဝန်ထမ်းလောကအတွက် သွေးစွန်းသည့်နေ့၊ ဝမ်းနည်းဖွယ်နေ့ဟုပင် ဆိုရမည်ဖြစ်သည်။ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင့်ဝင့်မြိုင်၊ ချင်းပြည်နယ် ဖလမ်းမြို့ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဝင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် အောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ဆရာ ဦးဇော်မိုးတို့မှာ တစ်နေ့တည်း တစ်ရက်တည်းမှာပင် အကြမ်းဖက်သမားတို့၏ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှုကို ခံလိုက်ကြရသည်။ ဒေါက်တာ ဝင့်ဝင့်မြိုင်နှင့် ဆရာဦးဇော်မိုးတို့မှာ သေဆုံးသွားခဲ့ကြရပြီး ဦးသန်းဝင်းမှာမူ သေနတ်ဒဏ်ရာများကို ဆေးကုသမှုခံယူရန်အတွက် လူနာတင်ယာဉ်ဖြင့် ဆေးရုံသို့အသွား၌ ထပ်မံပစ်ခတ်ဖမ်းဆီးသွားခြင်းကို ခံလိုက်ရပြန်သည်။

အထက်ပါဖြစ်စဉ်များသည် နေရာဒေသတစ်နေရာစီ ကွဲပြားသော်လည်း ပြည်သူကို အလုပ်အကျွေးပြုနေသည့် နိုင်ငံ့ဝန်ထမ်းဆရာဝန်၊ ကျောင်းဆရာ၊ ဆည်မြောင်းဝန်ထမ်းတို့ကို လက်နက်အားကိုးဖြင့် အကြမ်းဖက်သတ်ဖြတ်မှုများက အတူတူပင်ဖြစ်သည်။ ယင်းမတိုင်မီ နှစ်ရက် ဒီဇင်ဘာလ ၁၂ ရက်နေ့ကလည်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်တွင် သူနာပြုဆရာမနှင့် ၎င်း၏ခင်ပွန်းတို့ကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူတစ်ဦးတို့ကို လည်းကောင်း၊ ချမ်းမြသာစည် အောင်ပင်လယ်ရပ်ကွက်၌ အရဏ်ဆွမ်းခံကြွနေသည့် သံဃာတော်များနှင့်အတူ ကပ္ပိယကျောင်းသားအဖြစ် လိုက်ပါဆောင်ရွက်နေသူတစ်ဦးကိုလည်းကောင်း၊ အကြမ်းဖက်အုပ်စုများက တစ်နေ့တည်း တစ်ချိန်တည်းခန့်တွင် လုပ်ကြံသတ်ဖြတ်မှုဖြစ်ပေါ်ခဲ့သည်။ သူနာပြုဆရာမ ဇနီးမောင်နှံတို့အား အကြမ်းဖက်သတ်ဖြတ်မှုကို ပြည်ဖျက်မီဒီယာတို့က လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရန် ရပ်တန့်စေရာ မရပ်ပေးသောကြောင့် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း မဟုတ်တမ်းတရမ်း သတင်းထုတ်လွှင့်ခဲ့သော်လည်း စီစီတီဗွီမှတ်တမ်း ဗီဒီယိုအထောက်အထားထွက်ပေါ်လာသည့်အခါ နှုတ်ဆိတ်သွားခဲ့သည်။

မန္တလေးတွင် လူသတ်မှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများမှာမူ ၎င်းတို့၏အကုသိုလ်အမှုများအတွက် နေ့မကူးမီမှာပင် ပြန်လည်ပေးဆပ်ခဲ့ကြရသည်။ ဖမ်းမိသူတစ်ဦး၏ ထုတ်ဖော်ပြောကြားချက်အရ မန္တလေး PDF အကြမ်းဖက်အဖွဲ့ ခေါင်းဆောင်များ၏ စေခိုင်းချက်အရ အုပ်ချုပ်ရေးမှူးများ၊ စစ်မှုထမ်းဟောင်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့ဝင်များကို ဒလန်ရှင်းလင်းရေးဟုဆိုကာ လုပ်ကြံသတ်ဖြတ်ရခြင်းဖြစ်သည်ဟု ဆိုသည်။ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများပြုလုပ်၍ နိုင်ငံရေး ရည်မှန်းချက်များ အောင်မြင်သည်ဟု မည်သည့်အခါကမျှ မရှိခဲ့။ အကြမ်းဖက်ဝါဒနှင့်လမ်းစဉ်တို့ကို မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းကမျှ လက်ခံမည်မဟုတ်သလို လက်ခံ၍လည်းမရ။ သို့ရာတွင် မင်းသားကြီးမလုပ်ရ၍ ပတ်မကြီးထိုးဖောက်လိုသူများကမူ မည်သည့်နည်းနှင့်မဆို တိုင်းကားပြည်ရွာ ချောက်ချားစေရန်၊ နိုင်ငံမငြိမ်မသက် ပျက်စီးစေရန်အတွက် အကြမ်းဖက်အဖျက်လုပ်ရပ်များပြုလုပ်ရန် ကြိုးပမ်းနေကြမည်ဖြစ်ပြီး နောက်ကွယ်မှ ထောက်ပံ့မှုများလည်း ရှိနေဦးမည်ဖြစ်ရာ ပြည်သူလူထု၏ အပြည့်အဝ ပူးပေါင်းပါဝင်မှုဖြင့် အကြမ်းဖက်အဖျက်သမားတို့ကို ဖော်ထုတ်အရေးယူသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ လဲ့လဲ့ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေး ဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေး ဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၂) | ဒေါက်တာ စုစုဒွေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## ဗဟိုအမျိုးသားသွေးဌာန(ရန်ကုန်)၌ (၁၅၄)ကြိမ်မြောက် သွေးလှူဒါန်း



ရန်ကုန် ဒီဇင်ဘာ ၁၆

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ကျရောက်သော သွေးလှူရှင်များနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် ဗိုလ်သုန်လမ်း အမှတ်(၄၉) ရပ်ကွက်တွင် နေထိုင်သော အကြိမ်(၁၀၀)နှင့်အထက် သွေးလှူရှင်များ ဦးစီးသည့် ဒါနဥပပါရမီသွေးလှူရှင်များ အသင်း (ရန်ကုန်) အသင်း၏ဥက္ကဋ္ဌဖြစ်သူ ဦးကျော်သိန်း (လူမှုထူးချွန်ပထမဆင့်)၊ ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာအလှူရှင်သည် ဒီဇင်ဘာ ၁၄ ရက်က ဗဟိုအမျိုးသားသွေးဌာန (ရန်ကုန်)၌ (၁၅၄)ကြိမ်မြောက် ဇီဝိတဒါန သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **ကျော်ဆန်း**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၆-၁၂-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Symptomatic** | | | | |
| 1 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 2 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 3 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 4 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 5 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 6 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 7 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 8 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| **Antibiotics** | | | | |
| 9 | PO – Azithro-mycin 500 mg | 5x3's | 4000 | Rammawaddy |
| 10 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mcc-pmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **သတင်းစဉ်**

## ဝိုင်းမော်မြို့နယ်၌ ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

ဝိုင်းမော် ဒီဇင်ဘာ ၁၆



ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်း၊ အင်းအိုင်များတွင် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ လူတစ်ဦးချင်း ငါးစားသုံးမှုတိုးတက်လာစေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးလာစေရေးတို့ကို ရည်ရွယ်၍ ဝိုင်းမော်မြို့နယ်ရှိ ရောဝတီမြစ်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းတို့ကို ဒီဇင်ဘာ ၁၄ ရက်က မျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားသို့ မြစ်ကြီးနားခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝင်းဝင်းဟန်၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဝိုင်းမော်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးအောင်နိုင်ဦးနှင့် ဝန်ထမ်းများ တက်ရောက်ပြီး ငါးမျိုးများ စိုက်ထည့်ကြောင်း သိရသည်။ **သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၆

နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ

# ပြည်ပသွင်းကုန်များ၏ အရည်အသွေးနှင့်ယှဉ်နိုင်အောင် ထုတ်လုပ်နိုင်ရေး

ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းကြောင့် နိုင်ငံသားအချို့အနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်၍ ဝင်ငွေရရှိအောင် ဆောင်ရွက်နေရကြောင်း၊ ပြည်တွင်းထုတ်ကုန်နှင့်ပတ်သက်၍ ပြည်တွင်း၌ မော်တော်ယာဉ်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုပြီး အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့်ပစ္စည်းများကို ပြည်ပသွင်းကုန်များ၏ အရည်အသွေးနှင့် ယှဉ်နိုင်အောင် ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုနှင့် ပြည်တွင်းစီးပွားရေး တိုးတက်စေရန်အတွက် အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ လျှပ်စစ်အသုံးပြုသည့် မော်တော်ယာဉ်များ ပြည်တွင်း၌ထုတ်လုပ်၍ သုံးစွဲနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၃-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

* *ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အိန္ဒိယနိုင်ငံတွင် မကြာမီက ဖြစ်ပွားခဲ့သည့် ရဟတ်ယာဉ်ပျက်ကျမှုဖြစ်စဉ်ကြောင့် အိန္ဒိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Bipin Rawat အသက်ဆုံးရှုံးခဲ့ရမှုအပေါ် မိမိအနေဖြင့် ဝမ်းနည်းပါကြောင်း ပြောကြားပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အိန္ဒိယနိုင်ငံမှ ကူညီဆောင်ရွက် ပေးလျက်ရှိမှုနှင့် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာများတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအပါအဝင် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုဆိုင်ရာများ၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

**"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အိန္ဒိယနိုင်ငံမှ ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာများတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအပါအဝင် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုဆိုင်ရာများ၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး"**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

စစ်တွေ ဒီဇင်ဘာ ၁၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို အားပေးကာ ကျောင်းအုပ်ကြီး၊ ဆရာဆရာမများနှင့် တွေ့ဆုံသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေတို့ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

တွေ့ဆုံစဉ် မိမိပြည်နယ်၊ မိမိမြို့နယ် မိမိတို့ကျောင်း ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြ စေလိုပါကြောင်း၊ ကျောင်းသားကျောင်းသူများကို အမှန်တကယ် စာတတ်မြောက်အောင်သင်ကြား၍ ပညာတတ်လူငယ်များကို မွေးထုတ်ပေးကြစေလိုပါကြောင်း စသည်ဖြင့် မှာကြားကာ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာရေးတို့ကို ဆောင်ရွက်ကြရန်နှင့် ကျောင်းဆောင်၊ စာသင်ဆောင်လိုအပ်ချက်၊ ကွန်ပျူတာလိုအပ်ချက်၊ အားကစားကွင်းလိုအပ်ချက် စသည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**လိုအပ်ချက်များ ဖြည့်ဆည်း**

ထို့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ ဘောက်သီးစု အခြေခံပညာမူလတန်းကျောင်း၊ ရူပမြောက် အခြေခံပညာမူလတန်းကျောင်း၊ တရားသီး အခြေခံပညာ မူလတန်းကျောင်းနှင့် မန်ကျည်းမြိုင် အခြေခံပညာ အထက်တန်းကျောင်းခွဲများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြား နေသည်များကို လှည့်လည် ကြည့်ရှုအားပေး၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**လှည့်လည်ကြည့်ရှုအားပေး**

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၁၄ နှင့် ၁၅ ရက်တို့တွင် စစ်တွေမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်းနှင့် ကျောင်းတက်လမ်း အခြေခံပညာ မူလတန်းလွန်ကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ ပညာ သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု အားပေးပြီး ကျောင်းများအတွက် စာသင်ဆောင် လိုအပ်ချက်များ၊ ဆရာ ဆရာမ လိုအပ်ချက်များ၊ အားကစားကွင်း လိုအပ်ချက် စသည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မြောက်ဦးမြို့ရှိ ရှေးဟောင်းအမွေအနှစ်များ သွားရောက်လေ့လာ၍ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြား

**စစ်တွေ ဒီဇင်ဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဦးမောင်းဟာ တို့သည် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင် တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ မြောက်ဦးမြို့သို့ သွားရောက်လေ့လာ၍ ရှေးဟောင်းအမွေအနှစ်ယဉ်ကျေးမှုလက်ရာများ မပျောက်ပျက်အောင် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန် ဆွေးနွေးမှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ မြောက်ဦးမြို့ ရှေးဟောင်းသုတေသနပြတိုက်၌ ခင်းကျင်းပြသထားသည့် ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုစဉ်။

**စနစ်တကျထိန်းသိမ်း**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်အဖွဲ့သည် ကိုးသောင်းဘုရား၊ သျှစ်သောင်းဘုရားများရှိ ရှေးဟောင်းဗိသုကာလက်ရာများ၊ ယဉ်ကျေးမှု အမွေအနှစ်လက်ရာများကို ကြည့်ရှုလေ့လာပြီး နှစ်ပေါင်းထောင်ချီ ဖြစ်တည်လာခဲ့သည့် ရခိုင်တိုင်းရင်းသားများ၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု အမွေအနှစ်များကို လေးစားတန်ဖိုးထားရေးနှင့် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

**စနစ်တကျပြင်ဆင်ပြသ**

ထို့နောက် ရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိပြီး ခင်းကျင်း ပြသထားသည့် ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုကာ ပြတိုက်အား နိုင်ငံခြားသားများ စိတ်ဝင်စားဖွယ်ဖြစ်အောင် စနစ်တကျ ပြင်ဆင်ပြသပေးရန် လိုအပ်ကြောင်း၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ဝိုင်းဝန်း ထိန်းသိမ်း ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် ပေါ်တော်မူရန်ပြေမာန်ပြေဘုရားသို့ သွားရောက်ဖူးမြော်၍ ဘုရားကြီးအတွက် လိုအပ်သော တန်ဆောင်းများ တည်ဆောက်ရေးနှင့် ပြည်သူများ စနစ်တကျ ဖူးမြော်နိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် စန္ဒသူရိယစက္ကမင်း ပူဇော်ခဲ့သော စန္ဒမုနိ (ပေါ်တော်မူ) ဆုတောင်းပြည့် မဟာကျန်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို ကြည့်ရှုလေ့လာသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၌ ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်၊ မြို၊ ခမီ၊ ဒိုင်းနက်၊ သက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က မိမိတို့ဒေသတွင် တွေ့ကြုံရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပြောကြား ပေးစေလိုကြောင်း၊ ဒေသလိုအပ်ချက်များရှိပါက မိမိထံ စာရေးသားပေးပို့ ဆက်သွယ်နိုင်ပါကြောင်း၊ တိုင်းရင်းသားများ၏ စာပေ မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**သတိပြုကြစေလို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်းဟာက တိုင်းရင်းသားများအနေဖြင့် မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ မိမိတို့ဘာသာစကားကို မပျောက်ပျက်အောင် သင်ကြားရမည် ဖြစ်ကြောင်း၊ စာပေပျောက်လျှင် လူမျိုးပျောက်သွားနိုင်သည်ကို သတိပြုကြစေလိုကြောင်းနှင့် ထုတ်ပြန်ထားသည့် ဥပဒေများကို လေးစားလိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များက ဒေသလိုအပ်ချက်များအပေါ် ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# တိရစ္ဆာန်ကျန်းမာရေးလုပ်သားကဏ္ဍကို စနစ်တကျ ထူထောင်ရန်လိုအပ်

ရန်ကုန် ဒီဇင်ဘာ ၁၆

**ကျေးလက်ဒေသများတွင် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများအပေါ်၌ မှီတည်လျက်ရှိရာ ယင်းတို့၏စွမ်းအားကို အပြည့်အဝအသုံးချနိုင်ရန် တိရစ္ဆာန်ကျန်းမာရေးလုပ်သားစနစ်ကို ထူထောင်၍ Technical Vocational Educational & Training(TVET)ကို အခြေခံသော သင်တန်းများပို့ချရန် လိုအပ်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတိုးမင်းထွန်းက ပြောကြားသည်။ ဒီဇင်ဘာ ၁၅ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် မွေးမြူရေးဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနခန်းမ၌ကျင်းပသော တိရစ္ဆာန်ကျန်းမာရေးလုပ်သား (CAHW) သင်တန်းဆင်းပွဲတွင် ပြောကြားခြင်းဖြစ်သည်။** (ယာပုံ)




တိရစ္ဆာန်ကျန်းမာရေးလုပ်သားကဏ္ဍ ပိုမိုတိုးတက်လာစေရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ ရခိုင်၊ မွန်၊ ရှမ်းနှင့် ချင်း စသည့်တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုးခုရှိ မြို့နယ်ပေါင်း ၃၂ မြို့နယ်မှ တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၂၉၂ ဦး၏ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုစစ်တမ်းကို ကောက်ယူနိုင်ခဲ့သည်။

**သင်တန်းဆင်းလက်မှတ် ပေးအပ်**

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆရာဝန်များအသင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ ဦးဆောင်မဏ္ဍိုင်အဖွဲ့ကို ၂၀၁၇ ခုနှစ် ဧပြီလက ဖွဲ့စည်းခဲ့ပြီး ကျန်းမာရေးလုပ်သားဆိုင်ရာ မူဝါဒကို ချမှတ်ခဲ့သည်။ မူဝါဒနှင့်အညီ တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းများကို FAO-LIFT စီမံကိန်းမြို့နယ်များတွင် ဖွင့်လှစ်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်တွင် သုံးခွမြို့နယ်၊ သန်လျင်မြို့နယ်၊ တိုက်ကြီးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် ထန်းတပင်မြို့နယ်များမှ တက်ရောက်သော သင်တန်းသား ၄၂ ဦးနှင့် မြို့နယ်များတွင် အောင်မြင်စွာ သင်တန်းပို့ချနိုင်ခဲ့သော သင်တန်းဆရာ ဆရာမ ၁၁ ဦးကိုလည်း တိရစ္ဆာန်ကျန်းမာရေးလုပ်သား ဆရာဖြစ်သင်တန်းဆင်းလက်မှတ်ကို တစ်ပါတည်း ပေးအပ်သည်။

**လေ့ကျင့်သင်ကြား**

"တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းကာလက ငါးလကြာမြင့်ပါတယ်။ လက်တွေ့နဲ့ စာတွေ့ ပေါင်းစပ်သင်ကြားပေးတဲ့ သင်တန်းပါ။ ယခုလို သင်တန်းမျိုးဟာ နိုင်ငံတော်အတွက် အထောက်အပံ့ဖြစ်သလို ကူးစက်ရောဂါ ဖြစ်ပွားခဲ့ရင် မြန်ဆန်စွာ သိရှိဆောင်ရွက်နိုင်တဲ့ အကျိုးကျေးဇူးကိုလည်း ရရှိပါတယ်။ ဒီသင်တန်းမှာ အသေးစားခွဲစိတ်မှု၊ ဆေးယဉ်ပါးမှုပြဿနာနဲ့ ကူးစက်ရောဂါထိန်းချုပ်ရေးအပါအဝင် ဘာသာရပ် ၁၁ မျိုးကို သင်ကြားပေးပါတယ်။ တစ်နိုင်ငံလုံးမှာ ဆက်ပြီး ဖွင့်လှစ်သွားဖို့လည်း ရှိတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းကို ကျေးရွာအရောက် ဝန်ဆောင်မှုပေးတဲ့အခါမှာ အထောက်အကူပြုနိုင်တဲ့ လုပ်သားတွေကို ဆက်လက် လေ့ကျင့်သင်ကြားပေးသွားမှာပါ။ ရန်ကုန်တိုင်းမှာ တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၁၄၈ ဦး ရှိပါတယ်" ဟု ညွှန်ကြားရေးမှူးက ပြောသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု၊ မျိုးဗီဇများ ထိန်းသိမ်းခြင်းနှင့် မျိုးမြှင့်တင်ခြင်း၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်း၊ လူ့စွမ်းအား အရင်းအမြစ်များ ထူထောင်ခြင်း၊ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်းနှင့် သုတေသနလုပ်ငန်း လုပ်ဆောင်ခြင်းစသည့် လုပ်ငန်းစဉ် ၂၀ ကို အထောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် နိုင်ငံသားအားလုံး နိုင်ငံသားအသိအမှတ်ပြုကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးရန်မှာ မဖြစ်မနေလိုအပ်

နေပြည်တော် ဒီဇင်ဘာ ၁၆

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ရှိလုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**အဆင့်ဆင့်ကြိုးပမ်း**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မိမိတို့ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်ကြီး(၃)ရပ်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားအတွက် အရေးကြီးသည့် လုပ်ငန်းများဖြစ်သကဲ့သို့ ပြည်သူကိုထိရောက်သည့် ဝန်ဆောင်မှုများပေးရသည့် လုပ်ငန်းများ ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများသည် အစဉ်အဆက် ဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်သော်လည်း ပိုမိုတိုးတက်ကောင်းမွန်ရေး၊ ပြည်သူကို ထိရောက်မြန်ဆန်သည့် ဝန်ဆောင်မှုများ ပေးနိုင်ရေး၊ ခေတ်နှင့်အညီ နည်းပညာများဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်နေကြရသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများကို မြေပြင်၌လက်တွေ့ဆောင်ရွက်နေသည့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများကိုယ်တိုင် သိရှိနားလည်သဘောပေါက်ထားကြရန် အရေးကြီးပါကြောင်း။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲမသမာမှုဖြစ်ပွားသည့် မဲဆန္ဒရှင် အရေအတွက်မှာ (၁၁ ဒသမ ၃) သန်းကျော်ရှိကြောင်းကို ရွေးကောက်ပွဲကော်မရှင်က စိစစ်ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် နိုင်ငံသားအားလုံး နိုင်ငံသားအသိအမှတ်ပြု ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးရန်မှာ မဖြစ်မနေလိုအပ်ချက်ပင် ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားအားလုံး ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရန် မိမိတို့ဌာန၏ တာဝန်ပင်ဖြစ်သည့်အတွက် မိမိတို့ဌာနက ပန်းခင်းစီမံချက် ရေးဆွဲဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယင်းစီမံချက်သည် နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လုပ်ငန်းပမာဏအရေအတွက် ကန့်သတ်ချက်၊ ပြီးစီးအောင် ဆောင်ရွက်ရမည့် အချိန်ကန့်သတ်ချက်များ ရှိနေပါကြောင်း၊ ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ စတင်၍ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အပြီး (၁၈) လကြာ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်၍ မရနိုင်သကဲ့သို့ ဆက်စပ်ဌာနများအပြင် ပြည်သူများ ပူးပေါင်းပါဝင်မှသာ ပြီးစီးအောင်မြင်မည့် စီမံချက်တစ်ခုဖြစ်ခြင်းကြောင့် နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်အစည်းအဝေးများတွင် မကြာခဏ ထည့်သွင်း မှာကြားနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

**ဆက်လက်ဆောင်ရွက်**

ဝန်ကြီးဌာနအနေဖြင့် မူလဆောင်ရွက်နေသည့်လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နေသကဲ့သို့ လက်ရှိ နိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလအတွင်း ပန်းခင်းစီမံချက်လုပ်ငန်း၊ ၂၀၂၄ ခုနှစ်အတွက် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်း၊ နယ်စပ် ဝင်/ ထွက် ဂိတ်များ စီမံခန့်ခွဲမှုစနစ်အဆင့်မြှင့်တင်ခြင်း လုပ်ငန်း၊ e –ID စနစ် အကောင်အထည်ဖော်ခြင်း လုပ်ငန်းတို့ကို ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဌာနလုပ်ငန်းများသည် နိုင်ငံနှင့် ပြည်သူအတွက် မဖြစ်မနေဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သကဲ့သို့ ပြည်သူကို တိုက်ရိုက်ထိတွေ့ ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများ ဖြစ်ခြင်းကြောင့် ဝန်ထမ်းအားလုံး လူမှုဆက်ဆံရေးကောင်းမွန်ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်း နားလည်တတ်ကျွမ်းကြရန် အရေးကြီးပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများကို ဝန်ထမ်းအားလုံးအား ပြန်လည်ရှင်းလင်းချပြကြရန် ဖြစ်ပါကြောင်း၊ သို့မှသာ မိမိတို့ကျရာတာဝန်ကို အားသွန်ခွန်စိုက် ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ကြမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ကောင်းမွန်သည့် အတွေ့အကြုံများကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြကာ အသိအမြင်ဖလှယ်၍ လုပ်ငန်းတာဝန်များကို အကောင်းဆုံး အောင်မြင်စွာ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက လက်ရှိ လုပ်ငန်းဆောင်ရွက်မှုများနှင့် လုပ်ငန်းကဏ္ဍအလိုက် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်း အခြေအနေများ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကြိုတင်ဆောင်ရွက်ထားကြရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်က လုပ်ငန်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များ၊ နယ်မြေဒေသအလိုက် တွန်းအားပေးလုပ်ဆောင်ရမည့် အခြေအနေ၊ ရုံးချုပ်မှ ဖြည့်ဆည်းပေးနိုင်မှုကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ လုပ်ငန်း လိုအပ်ချက်များနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ရှိလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၆ နယ်တို့၌ ဒေသခံပြည်သူ ၁၂၆၇၄ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၉၅၆ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၆၇၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၇၇၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၈၆၂၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၄၃၃၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၉၄၀၀ နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၅၇၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နှင့် နမ္မတူမြို့တို့၌ ကျောင်းသား၊ ကျောင်းသူ ၆၅၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၃၅၅၀ နှင့် ချင်းပြည်နယ် ပလက်ဝမြို့၌ ကျောင်းသား၊ ကျောင်းသူ ၇၈၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# တောင်ငူမြို့၌ ကေတုမတီညဈေး ဖွင့်ပွဲအခမ်းအနား ကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ဒီဇင်ဘာ ၁၅ ရက် ညနေ ၅ နာရီခွဲက ဗိုလ်မှူး ဖိုးကွန်းလမ်း၌ ကေတုမတီ ညဈေးဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီလွင်စိုးနှင့် အဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ဖြိုး တို့က ကေတုမတီ ညဈေးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကေတုမတီ ညဈေးအတွင်း ဈေးရောင်းဈေးဝယ် ပြုလုပ်နေကြသူများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ညဈေးအား ဗိုလ်မှူးဖိုးကွန်းလမ်းနှင့် ဆေးရုံဟောင်းလမ်းတို့တွင် ဈေးဆိုင်ခန်းပေါင်း ၉၃ ခန်းဖြင့် နေ့စဉ်ညနေ ၄ နာရီမှ ည ၈ နာရီခွဲအထိ ကိုဗစ်–၁၉ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ် ရောင်းချမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ **ခရိုင် ပြန်/ဆက်**

# နာစရာရှိရင် လွမ်းစရာနဲ့ဖြေကြပါ

ဦးခင်မောင်ဆွေ (NDF)

**ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး**

ငြိမ်းချမ်းရေးမရှိရင် အချုပ်အခြာအာဏာနဲ့ ခိုင်မြဲတဲ့ နိုင်ငံတော်တစ်ရပ် (State building) ထူထောင်ရေးမှာ အဟန့်အတား ဖြစ်စေနိုင်ပါတယ်။ ငြိမ်းချမ်းရေးမရှိရင် လူမျိုးပေါင်းစုံညီညွတ်တဲ့ အမျိုးသားနိုင်ငံတော် တစ်ရပ်(Nation building) ကိုရောက်ဖို့ အခက်အခဲရှိနိုင်ပါတယ်။ ဒါကြောင့် မြန်မာပြည်သူတွေဟာ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်တွေကိုဖက်ပြီး စောင့်မျှော်ခဲ့တာ နှစ်ကာလတွေ ကြာတောင်းကြာရှည် ကြာခဲ့လေပြီလို့ ပြောရပါမယ်။ မြန်မာ့လွတ်လပ်ရေးအတွက် အသက်တွေပေးပြီး ဒီမြေ၊ ဒီရေအတွက် ညီညွတ်ရေး မပျက် စုပေါင်းတော်လှန် ခဲ့ကြတယ်။ ဒါပေမယ့် လွတ်လပ်ရေးရပြီးတဲ့ အခါ အချင်းချင်းအကြား သွေးစက်သွေးပေါက်တွေနဲ့ အမျိုးသား ညီညွတ်ရေးဟာ သွေးထွက်သံယို ပြိုလဲခဲ့ရပြီဖြစ်ပါတယ်။

ဒါကြောင့် ငြိမ်းချမ်းရေးအတွက် ကြားခဲ့ဖူးတဲ့ စကားတစ်ခွန်းကို အမှတ်ထင်ထင် ပြောချင်ပါတယ်။ အဲဒါက "နာစရာရှိရင် လွမ်းစရာနဲ့ ဖြေပါ" ဆိုတဲ့ စကားစုပါ။ အတော်ပဲ တာသွားခဲ့ပါတယ်။ ပထမ ပြောသူက အိုးဝေဦးညိုမြဖြစ်ပြီး နောက်တစ်ဦးက ဦးနေဝင်းပါ။ မြန်မာ့နိုင်ငံရေးခရီးမှာ အတူလက်တွဲခဲ့ကြပြီး နောင်အခါ ရန်သူတွေ ဖြစ်ခဲ့ရတဲ့အပေါ် ဦးနေဝင်းက သူ့နိုင်ငံရေးသံယောဇဉ်ကို ထင်ဟပ်တဲ့ ပြောစကားလို့ ဆိုရပါမယ်။ သမိုင်းမှာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေးတိုက်ခဲ့ကြသူတွေ နောင်အခါ ဝါဒရေးရာကွဲပြားမှုကြောင့် အမျိုးသားစည်းလုံးမှု ပျက်ပြားခဲ့တာကို ရည်ညွှန်းတာလည်း ဖြစ်ပါတယ်။ ဒီလို အမျိုးသားစည်းလုံးမှုပျက်ပြီး ငြိမ်းချမ်းရေးမရှိတဲ့ ကာလတွေကို မြန်မာပြည်သူတွေဟာ လွတ်လပ်ရေးရချိန်ကစပြီး ဖြတ်သန်းခဲ့ကြရပါတယ်။ စစ်ကြောင့်ပြေးနေရတဲ့ ပြည်သူတွေရဲ့ ဒုက္ခကို မဖြေရှင်းနိုင်သမျှ မြန်မာပြည်ဟာ ဝမ်းနည်းစရာပါပဲ။ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေ ပြိုလဲတာကို လျစ်လျူရှုပြီး လက်နက်ကိုင်တိုက်ခိုက်နေကြတာလည်း ဝမ်းနည်းစရာပါပဲ။

၁၉၄၈ ခုနှစ်မှာ ဝါဒရေးရာ၊ လူမျိုးရေးရာတွေ အကြောင်းပြ၊ ၁၉၇၀ ဝန်းကျင်မှာတော့ ဘာသာရေးဆိုင်ရာ မညီမျှဘူးဆိုတဲ့ အကြောင်းနဲ့ လက်နက်စွဲကိုင်ခဲ့ကြတယ်။ နောင်ဆယ်စုနှစ်တွေမှာလည်း လူမျိုးစုတွေရဲ့ နိုင်ငံရေးလိုအပ်ချက်တွေကို အစိုးရတွေက ပြေလည်အောင် ဖြည့်ဆည်းမပေးနိုင်ခဲ့ကြတဲ့အပေါ် လူမျိုးဆိုင်ရာ ရပိုင်ခွင့်တွေကို အကြောင်းပြုပြီး လက်နက်ကိုင် အယူအဆက ခိုင်မြဲလာခဲ့တယ်။ ဒီတော့ မြန်မာနိုင်ငံက လူမျိုးစုအသီးသီး လက်နက်ကိုယ်စီနဲ့ ကိုယ့်အမိမြေပေါ်မှာ သွေးချင်းအချင်းချင်း ရန်ပြုစစ်ခင်းလာခဲ့တာ ခုဆို နှစ် ၇၀ တိုင်ခဲ့ပါပြီ။ ငြိမ်းချမ်းရေးက ဘယ်ဆီမှာလဲ၊ ဘာကြောင့် မငြိမ်းချမ်းနိုင်ရသေးတာလဲ၊ အဖြေကဘယ်မှာလဲ၊ ဖြစ်စဉ်တွေကို ပြန်ကြည့်ရင် အကြောင်းပြချက်အမျိုးမျိုးနဲ့ လက်နက်ကိုင်စွဲခဲ့ကြပေမယ့် ဖြစ်ဆဲအကျိုးက ပြည်သူအချင်းချင်းကြား စစ်ခင်းနေရတာပဲ ဖြစ်တယ်။ လက်နက်ကိုင်စွဲရတဲ့ မူလအကြောင်းတရားတွေကတော့ ကွယ်ပျောက်ခဲ့ပါပြီ။

နှစ် ၇၀ လက်နက်နဲ့ အဖြေရှာခဲ့ကြတယ်။ ရကြပြီလား။ မရကြပါ။ တိုင်းရင်းသားလက်နက်ကိုင်တွေကို အပြတ်ရှင်းဖို့တဲ့လား မဖြစ်နိုင်ပါ။ ပြည်ထောင်စုဝင် မိသားစုအချင်းချင်း သူတို့လည်းပိုင်တဲ့ ဒီမြေပေါ်ကနေ လုံးဝပျောက်ကွယ်စေဖို့လည်း မဖြစ်နိုင်ပါ။ မဖြစ်သင့်ပါ။ ဒါကြောင့် ပျက်စီးနေတဲ့ ယုံကြည်မှုတွေ၊ ပျောက်ဆုံးနေတယ်လို့ ယူဆကြတဲ့ လူမျိုးစု အမျိုးသားလက္ခဏာတွေနဲ့ ဥပဓိရုပ်တွေ၊ ဒီမိုကရေစီအခွင့်အရေးတွေနဲ့ နိုင်ငံရေးဆန္ဒတွေကို တစ်စုတစ်စည်းတည်း ဖြေရှင်းနိုင်ဖို့ ငြိမ်းချမ်းရေးစားပွဲက အသင့်ရှိနေဆဲပါ။ တွေ့ဆုံဆွေးနွေး အဖြေရှာရေးဆိုတာ နိုင်ငံရေးလူကြီးလူကောင်းဆန်မှုကို သဘောရိုးနဲ့ ပြကြရမယ့်နေရာ၊ အမျိုးသားရင်ကြားစေ့ရေး အစီအစဉ်ဆိုတာ အားလုံးသဘောပေါက်ကြပါတယ်။ သဘောပေါက်ခဲ့ကြလို့လည်း တစ်နိုင်ငံလုံးပစ်ခတ်ရပ်စဲရေး NCA သဘောတူချက်ကို တိုင်းရင်းသား လက်နက်ကိုင်အားလုံးနီးပါးက စကားလုံးတစ်လုံးချင်း၊ စာကြောင်းတစ်ကြောင်းချင်းကို ဖြုတ်ပယ်၊ ဖြည့်စွက်၊ အဓိပ္ပာယ်ဖွင့် အစားထိုး ပြင်ဆင် ဆွေးနွေးသဘောတူခဲ့ကြတယ်။ ပြီးမှ အားလုံးဆန္ဒနဲ့ အတည်ပြုခဲ့ကြတယ်။ ဒီလိုနဲ့ NCA တစ်နိုင်ငံလုံးပစ်ခတ်မှုရပ်စဲရေး သဘောတူချက်ကြီးဆိုတာ ပေါ်ပေါက်ခဲ့တယ်။

ဒါပေမယ့် ဘာကြောင့် ငြိမ်းချမ်းရေးစားပွဲမှာ အတူမထိုင်နိုင်ကြသေးတာလဲ။ နိုင်ငံနဲ့လူမျိုးကို အမှန်တကယ်ချစ်ရင် ငြိမ်းချမ်းရေးဆီ မလျှောက်လှမ်းသင့်ပေဘူးလား။

- နိုင်ငံရေးလောဘတွေ၊ နိုင်ငံရေးမာနတွေ၊ နိုင်ငံရေးမယုံသင်္ကာမှုတွေကို ဖြေလျှော့ဖို့ အားလုံးစုံညီ ငြိမ်းချမ်းရေးစကားဝိုင်းဆီ လာသင့်ပါပြီ။
- မိမိတို့ဒေသပြည်သူတွေ၊ မိမိတို့လူမျိုးစုတွေ ခံစားနေရတဲ့ လက်နက်ကိုင်ပဋိပက္ခရဲ့ ဆိုးကျိုးတွေကို ထည့်သွင်းမစဉ်းစားတော့ဘူးလား။
- မိမိကိုယ်ကျိုးစီးပွား၊ အဖွဲ့အစည်း အကျိုးစီးပွားထက် မိမိတို့ဒေသရှိ လူမျိုးတွေရဲ့ အသက်အိုးအိမ်နဲ့ လူမှုဘဝတွေကို မထိခိုက်စေဖို့ ရှေးရှုတဲ့ဆန္ဒတွေ မထားရှိသင့်ပေဘူးလား။
- ဖက်ဒရယ်စနစ်အရ လူမျိုးစုတွေရဲ့ ဥပဒေနဲ့အညီ ရပ်တည်ခွင့် အချုပ်အခြာအာဏာအတွင်းက နိုင်ငံသားတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ သယံဇာတခွဲဝေကျင့်သုံးရေးနဲ့အုပ်ချုပ်ရေး၊ တရားစီရင်ပိုင်ခွင့်တွေမှာ ပါဝင်ခွင့်တွေရှိဖို့ တွေ့ဆုံဆွေးနွေး အဖြေရှာရေး လမ်းမှတစ်ပါး မရှိပါလို့ ပြောချင်တယ်။
- ကိုယ့်လူမျိုး၊ ကိုယ့်ပြည်သူ၊ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်နိုင်ငံအရေးကို ပြင်ပ ပယောဂမပါ အချင်းချင်း ဖြေရှင်းနိုင်ကြရင်ဖြင့် ငြိမ်းချမ်းရေးခရီးဟာ မဝေးလှဘူးလို့ ဆိုချင်ပါတယ်။

❑ **လွတ်လပ်ရေးရခဲ့ပေမယ့် မြန်မာနိုင်ငံဟာ နိုင်ငံရေးအထိုင် မကျသေးပါဘူး။ မညီညွတ်မှုတွေ၊ မယုံသင်္ကာမှုတွေ၊ စစ်ခင်းနေရမှုတွေနဲ့ မြန်မာ့မြေဟာ သွေးလူးနေဆဲပဲဖြစ်တယ်။ ဒါဟာ ဘာကြောင့်လဲ၊ ခေတ်အဆက်ဆက် နိုင်ငံရေး လိုအင်ဆန္ဒတွေ မပြည့်ခဲ့ကြလို့ဖြစ်တယ်။ ဒီလိုမပြည့်ကြတဲ့အတွက် ငြိမ်းချမ်းရေးဟာ လက်တစ်ကမ်းအကွာမှာ ဖမ်းဆုပ်မရ ဖြစ်နေဆဲဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေဟာ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုပေါ်ပေါက်ရေးကို မျှော်မှန်းတမ်းတကြတယ်**

ဒါကြောင့် ငြိမ်းချမ်းရေးအတွက် စေတနာမှန်ရင် တွေ့ဆုံဆွေးနွေး အဖြေရှာရေးဆီ လှမ်းကြဖို့လိုပါတယ်။ အပြစ်မဲ့ပြည်သူတွေရဲ့ မျက်နှာကိုမထောက်ဘဲ လက်နက်အင်အားနဲ့ ငါတကော ကောရာမရောက်အောင် မိမိတို့စိုက်ခဲ့တဲ့ NCA ပင်ပျိုကို ရှင်သန်ခွင့် ပေးလိုက်ကြဖို့ တိုက်တွန်းချင်ပါတယ်။

**အမျိုးသားညီညွတ်ရေး**

နောက်တစ်ချက်ကတော့ အမျိုးသားညီညွတ်ရေးပါ။ လူမျိုးတစ်မျိုးတည်းရှိတဲ့ ဂျပန်၊ အစ္စရေးလို နိုင်ငံတွေမှာတောင် တစ်မျိုးသားလုံးညီညွတ်ရေးဟာ အရေးကြီးပါတယ်။ ကိုယ့်မြေ၊ ကိုယ့်ရေကို ထိပါးရင် နာတတ်တယ်။ ဒါဟာ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ် မွေးမြူကြလို့ပဲဖြစ်တယ်။ မြန်မာနိုင်ငံမှာ လူမျိုးပေါင်းစုံရှိတယ်။ ဒါကြောင့် လူမျိုးပေါင်းစုံ ညီညွတ်ရေးဟာ လူမျိုးစုံ ပြည်ထောင်စုဖြစ်တဲ့ မြန်မာပြည်အတွက် အသက်ပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းက ပြောဖူးတယ်။ " လူမျိုးဆိုတာ နှစ်ပရိစ္ဆေဒကြာမြင့်စွာ ရေမြေပိုင်နက်တစ်ခုတည်းပေါ်မှာ တစ်မြေတည်းနေ တစ်ရေတည်းသောက် အတူနေကြသူတွေ၊ ဒီမြေ၊ ဒီရေရဲ့ အကျိုးစီးပွားကို ကောင်းတူဆိုးဖက်ခံစားပြီး ဒီမြေ၊ ဒီရေကို ပူးပေါင်းကာကွယ်စောင့်ရှောက်နေထိုင်တဲ့ လူအစုအဝေးဟာ လူမျိုးတွေပဲဖြစ်တယ်လို့" အဓိပ္ပာယ်ဖွင့်ဆိုခဲ့တယ်။ အဲဒီတော့ ဒီလူအစုအဝေးဖြစ်တဲ့ ဒီလူမျိုးတွေရဲ့အရေးဟာ ပြည်ထောင်စုအမျိုးသားရေးပါပဲ။ ဒီတော့ ဒီမြေ၊ ဒီရေကို ကာကွယ်ကြဖို့ဆိုတဲ့ အမျိုးသားရေးတာဝန်ဟာ လူမျိုးတိုင်းမှာ ရှိတယ်ဆိုတာ ငြင်းမရတဲ့အချက်ပဲ ဖြစ်ပါတယ်။

အမျိုးသားရေးဆိုတာနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးရဲ့ အရေးပဲဖြစ်ရမယ်။ ဒါကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံသား အမျိုးသားရေး ဒါမှမဟုတ် မြန်မာပြည်ထောင်စုအမျိုးသားရေးပဲဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံဟာ တောင်တန်းနဲ့ မြေပြန့်ပထဝီအနေအထားအရ လူမျိုးပေါင်းစုံ နေထိုင်ပြီး တည်ရှိမှုအရ ဆက်စပ်နေတယ်။ အကျိုးစီးပွားချင်းလည်း ဆက်စပ်နေတယ်။ သမိုင်းနောက်ခံအရလည်း ခွဲမရအောင် စပ်ဆက်ပတ်သက်နေတယ်။ ဒါကို ခွဲခြားရှုမြင်လို့ မရဘူး။ မြန်မာတွေဟာ အချုပ်အခြာအာဏာဆုံးရှုံးပြီး ကျွန်သပေါက်ဘဝ ရောက်ခဲ့ကြဖူးပြီ။ ဒါကြောင့် လွတ်လပ်တဲ့ ကိုယ့်မြေ၊ ကိုယ့်ရေပေါ်မှာ အင်အားတောင့်တင်းစွာ လူမျိုးပေါင်းစုံအားနဲ့ စည်းလုံးညီညွတ်စွာ နေမလား၊ ဒါမှမဟုတ် မိမိနိုင်ငံမှာ ပထမတန်းစား မြန်မာနိုင်ငံသားအဖြစ်နေမလား။ နိုင်ငံကြီးတွေရဲ့ လက်ဝေခံ၊ ဩဇာခံ၊ သူတို့နိုင်ငံရဲ့ အခြံအရံ တိုင်းငယ်၊ ပြည်ငယ်တွေအဖြစ် နေချင်သလား။ အဖြေကတော့ ဒုတိယတန်းစား နိုင်ငံသားတွေအဖြစ် ဘယ်လူမျိုးမှ မနေလို၊ မရောက်လိုကြပါ။ အဲဒီတော့ တစ်မျိုးသားလုံးညီညွတ်ရေးဆီ လှမ်းကြဖို့ပဲရှိတယ်။ ဒါဆိုရင် ညီညွတ်ရေးရဲ့ အခြေခံတွေကို ရယူဆုပ်ကိုင်ဖို့တော့ လိုပါလိမ့်မယ်။ အဲဒါတွေက-

(က) လူမျိုးကြီး၊ လူမျိုးငယ် မခွဲခြားဘဲ အဆင့်အတန်းနဲ့ အခွင့်အလမ်းမှာ အမျိုးသားတန်းတူညီမျှမှု ရှိစေရပါမယ်။

(ခ) လူမျိုးတိုင်းရဲ့ အမျိုးသားလက္ခဏာနဲ့ စာပေယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေ ထိန်းသိမ်းရရှိနိုင်ရေး ရှိစေရပါမယ်။

(ဂ) နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်ကာကွယ်ရေးနဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးတွေမှာ ဖက်ဒရယ်အခြေခံဥပဒေအရ နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်ခွင့် ရှိစေရမယ် စသည်တို့ဖြစ်ပါတယ်။

ဒါဟာ အချုပ်အခြာအာဏာကို နိုင်ငံသားတိုင်း ကိုယ်စားပြုခွင့်ဆီ ရောက်ရေး လမ်းဖွင့်စေတာပါပဲ။ မြန်မာနိုင်ငံဟာ လူမျိုးတိုင်းရဲ့ နိုင်ငံဖြစ်တယ်။ ကိုယ်တိုင်ပါဝင် ထိတွေ့ကိုင်တွယ် အုပ်ချုပ်နိုင်ခွင့်တွေ ရှိတဲ့အဆင့်ရောက်ရင် အမျိုးသားစည်းလုံးညီညွတ်မှု (National Solidanrity)ကို ရောက်ပါပြီ။ တိုင်းချစ် ပြည်ချစ်၊ နိုင်ငံနဲ့ လူမျိုးချစ်စိတ်တွေ ရှင်သန်အောင် စိတ်တူကိုယ်တူ စုပေါင်းမွေးမြူကြနိုင်မယ်ဆိုရင် တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေး (National Fraternity)နဲ့ ဖက်ဒရယ်ပြည်ထောင်စု အသစ်ဆီ ဦးတည်နိုင်ပြီလို့ ပြောချင်ပါတယ်။

**ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး**

ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးကို စဉ်းစားရင် နိုင်ငံရဲ့ သမိုင်းဖြစ်စဉ်ကိုပါ ပြန်ကြည့်ဖို့ လိုမှာဖြစ်တယ်။ ပထမမြန်မာနိုင်ငံတော်ဟာ အနော်ရထာခေတ်၊ ဒုတိယမြန်မာနိုင်ငံတော်ဟာ ဘုရင့်နောင်ခေတ်၊ တတိယမြန်မာနိုင်ငံတော်ဟာ အလောင်းဘုရားခေတ် ဖြစ်ပါတယ်။ ဒီနိုင်ငံတော်ကြီးတွေဟာ လက်နက်နိုင်ငံတော်တွေဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းကို လွှမ်းခြုံစိုးမိုးနိုင်ခဲ့တဲ့ ဘုရင့်နိုင်ငံတော်တွေ ဖြစ်ပါတယ်။ နိုင်ငံတစ်နံတစ်လျား လက်နက်နဲ့ လွှမ်းမိုးအုပ်ချုပ်နိုင်ခဲ့ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ လွတ်လပ်ရေးဖခင်ကြီးတွေ တည်ထောင်တဲ့ မြန်မာနိုင်ငံကတော့ လက်နက်နဲ့လွှမ်းမိုးတာ မဟုတ်ဘဲ အမျိုးသားစည်းလုံးမှုနဲ့စခဲ့တဲ့ ပြည်ထောင်စုပုံသဏ္ဌာန်နိုင်ငံ ဖြစ်တယ်။ ပင်လုံသဘောတူညီမှု အငွေ့အသက်တွေပါတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ သမ္မတမြန်မာနိုင်ငံတော် ဖြစ်ပါတယ်။ ဒါကြောင့် ပထမပြည်ထောင်စုသမ္မတနိုင်ငံတော်လို့ခေါ်မှ မှန်ကန်ပါမယ်။ ဒါဆိုရင် မြန်မာ့သမိုင်းမှာ ဘုရင့် နိုင်ငံတော်သုံးခုနဲ့ ပြည်ထောင်စုသမ္မတနိုင်ငံ တစ်ခုကို ဖြတ်သန်းခဲ့ပြီလို့ ဆိုရပါမယ်။

လွတ်လပ်ရေးရခဲ့ပေမယ့် မြန်မာနိုင်ငံဟာ နိုင်ငံရေးအထိုင် မကျသေးပါဘူး။ မညီညွတ်မှုတွေ၊ မယုံသင်္ကာမှုတွေ၊ စစ်ခင်းနေရမှုတွေနဲ့ မြန်မာ့မြေဟာ သွေးလူးနေဆဲပဲဖြစ်တယ်။ ဒါဟာ ဘာကြောင့်လဲ၊ ခေတ်အဆက်ဆက် နိုင်ငံရေးလိုအင်ဆန္ဒတွေ မပြည့်ခဲ့ကြလို့ဖြစ်တယ်။ ဒီလိုမပြည့်ကြတဲ့အတွက် ငြိမ်းချမ်းရေးဟာ လက်တစ်ကမ်းအကွာမှာ ဖမ်းဆုပ်မရ ဖြစ်နေဆဲဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေဟာ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုပေါ်ပေါက်ရေးကို မျှော်မှန်းတမ်းတကြတယ်။ ဖက်ဒရယ်က ညီညွတ်ရေးအတွက် ဆိုခဲ့ပါ အဟန့်အတားတွေကို ဖြိုချနိုင်မလားပေါ့။

*စာမျက်နှာ ၇ သို့*

# ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး အိုမီခရွန် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး အိုမီခရွန် ကာကွယ်တားဆီးနိုင်ရေး ဝန်ကြီးဌာနများအကြား လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်တို့ တက်ရောက်ကြသည်။



**ခွဲခြမ်းစိတ်ဖြာ**

**ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်**

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးသည် နိုင်ငံပေါင်း (၈၅)နိုင်ငံတွင် ကူးစက်ဖြစ်ပွားလျက်ရှိပြီး အရှေ့တောင်အာရှဒေသတွင်းနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများတွင်လည်း တွေ့ရှိနေရပြီဖြစ်ပါကြောင်း၊ မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး ဝင်ရောက်လာမှု စောင့်ကြပ်ကြည့်ရှုခြင်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ တပ်မတော်ဆေးသုတေသနတပ်တို့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြုဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ လက်ရှိအချိန်အထိ ပြည်တွင်း၌ အိုမီခရွန်ရောဂါပိုး မတွေ့ရှိသေးပါကြောင်း၊ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကို နိုင်နိုင်နင်းနင်း ထိန်းချုပ်ထားနိုင်နေပြီဖြစ်ပြီး နေ့စဉ် ရောဂါပိုး စစ်ဆေးတွေ့ရှိနှုန်းအနေဖြင့် (၂) ရာခိုင်နှုန်း ခန့်သာရှိသည်ကို တွေ့ရှိရပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းတွင် ရောဂါဖြစ်ပွားမှု စတင်ကျဆင်းလာစဉ်အချိန်ကပင် နိုင်ငံတော် ဝန်ကြီးချုပ်ကလည်း နောက်ထပ်လှိုင်းတစ်ခုအဖြစ် ဖြစ်ပွားမလာစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန်နှင့် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မျိုးရိုးဗီဇပြောင်းရောဂါပိုး အိုမီခရွန်အဖြစ် စတင်ကြေညာသည့်အချိန်ကပင် မိမိတို့နိုင်ငံအတွင်းသို့ အဆိုပါရောဂါပိုးဝင်ရောက်ကူးစက်မှုမဖြစ်ပွားစေရေး တောင်အာဖရိကနှင့် ဘော့ဆွာနာနိုင်ငံများမှ ခရီးသည်ဝင်ရောက်မှုများ၏ ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ခြင်းလုပ်ငန်းကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီသို့ တင်ပြလမ်းညွှန်မှုခံယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါမှာ လူအချင်းချင်းထိတွေ့ရာမှ ကူးစက်ခြင်းဖြစ်၍ အပြည့်အဝတားဆီးနိုင်ရန် ခက်ခဲပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ရှေ့တွင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လှိုင်းများသည် နိုင်ငံတကာနှင့်နှိုင်းယှဉ်ပါက အတန်ငယ်နောက်ကျ၍ ဖြစ်ပွားခဲ့ခြင်းဖြစ်ပါ၍ ယခု အိုမီခရွန် မျိုးရိုးဗီဇပြောင်းရောဂါပိုး ဝင်ရောက်မလာစေရေး တတ်နိုင်သမျှ အချိန်ကြာကြာ တားဆီးထားနိုင်ခြင်းဖြင့် ပြည်တွင်း၌ ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုမြင့်တင်ထားရှိနိုင်ခြင်းနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ပိုမိုပြင်ဆင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရောဂါပိုးဆိုင်ရာအချက်အလက်များကို ပိုမိုသိရှိနိုင်မည်ဖြစ်ပြီး ပြင်ဆင်ကာကွယ်မှုများပြုလုပ်ရန် အချိန်ပိုမိုရရှိမည်ဖြစ်ပါကြောင်း၊ မျိုးရိုးဗီဇပြောင်းရောဂါပိုး ပြည်ပနိုင်ငံများမှ ကူးစက်ဝင်ရောက်မှုတားဆီးနိုင်ရေးအတွက် လက်ရှိကျင့်သုံးနေသော မူဝါဒများကို ရောဂါကူးစက်မှုသဘာဝအရ ပြောင်းလဲကျင့်သုံးဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများ၊ အားနည်းချက်နှင့် လိုအပ်ချက်များကို ဌာနအသီးသီးမှ ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် လူမှုစီးပွားလုပ်ငန်းများ ထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးအတွက် ကာကွယ်ဆေးထိုးနှံခြင်း၊ ဦးတည်အုပ်စုများတွင် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍနှင့် စက်ရုံ အလုပ်ရုံ လုပ်ငန်းဆောင်ရွက်သူများအား ထည့်သွင်း၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဦးစားပေး ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အတူ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပံ့ပိုးမှုများကြောင့် အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများနှင့် Hotel Quarantine ကိစ္စရပ်များတွင် ပိုမိုအဆင်ပြေအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများတွင် အိုမီခရွန် မျိုးရိုးဗီဇပြောင်းရောဂါပိုး ရောက်ရှိ ကူးစက်မှု မြင့်မားလာချိန်တွင် နယ်စပ်ဒေသများနှင့် လေကြောင်းခရီးလမ်းမှတစ်ဆင့် နိုင်ငံခြားမှပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများ၊ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များထံမှ ရောဂါပိုး ကူးစက်ဝင်ရောက်နိုင်မှုများကို တားဆီးကာကွယ်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြစေလိုပါကြောင်း၊ ထို့အပြင် မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုး တွေ့ရှိလာပါကလည်း ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က လွန်ခဲ့သော ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု လှိုင်းများအတွင်း၌ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင်လည်း လုပ်ငန်းများ နှောင့်နှေးခဲ့ရပါကြောင်း၊ ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းချိန်တွင် ကန့်သတ်မှုများ ဖြေလျှော့ခဲ့သော်လည်း အချို့ ခရီးသွားနေရာများတွင် ရောဂါပိုး ပြန်လည်တွေ့ရှိရသဖြင့် ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ယှဉ်တွဲနေထိုင်ရာတွင် No-one is safe until everyone is safe ဟု ဆိုသကဲ့သို့ မိမိတို့တစ်ဦးချင်းစီမှ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းလိုက်နာဆောင်ရွက်သည့်အခါမှသာ ရလဒ်ကောင်းများ ရရှိမည်ဖြစ်ပါကြောင်း။

**စည်းမျဉ်းစည်းကမ်းတင်းကျပ်**

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဖြေလျှော့မှုများကြားတွင် စည်းမျဉ်းစည်းကမ်းလိုက်နာမှုများ တဖြည်းဖြည်း လျော့ကျလာပါက ရောဂါကူးစက်မှု ပြန်လည်မြင့်တက်လာမည်ဖြစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်မှလည်း စည်းမျဉ်းစည်းကမ်းတင်းကျပ်မှုများကို ဂရုစိုက်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့က ဆွေးနွေးကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးသည် အိမ်နီးချင်းနိုင်ငံများတွင် တွေ့ရှိနေရပြီဖြစ်ပြီး မိမိတို့ နိုင်ငံသို့ အချိန်မရွေးဝင်ရောက်လာနိုင်သည့် အခြေအနေတွင်ရှိပါကြောင်း၊ အဆိုပါ ရောဂါပိုး ဝင်ရောက်မလာစေရေးအတွက် တတ်နိုင်သမျှဆောင်ရွက်၍ အချိန်ဆွဲထားရန် လိုအပ်ပါကြောင်း၊ အိုမီခရွန် ရောဂါပိုးနှင့် ပတ်သက်၍ လိုအပ်ချက်နှင့်အညီ မူဝါဒ၊ လမ်းညွှန်ချက် ပြောင်းလဲမှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေရသည်ဖြစ်ပြီး နီးနွယ်ဌာနဆိုင်ရာများသို့လည်း အချိန်မီအကြောင်းကြား ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ဒီမှာတင် မေးခွန်းက ရှိနေပါတယ်။ ပါဝင်သူအားလုံးဟာ -

- မြန်မာပြည်ကြီးကို တကယ်ပဲ မပြိုမကွဲ ငြိမ်းချမ်းချင်ပါသလား။
- ဖက်ဒရယ်စနစ်က တန်းတူညီမျှအခွင့်အရေးတွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေနဲ့ မယိုင်မလဲခိုင်မြဲတဲ့ ပြည်ထောင်စုမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေကို ရနိုင်ပါသလား။ နောက်ပြီး ဖက်ဒရယ်ပြည်ထောင်စုအတွင်းမှာ ဥပဒေနဲ့အညီ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးနိုင်မယ့် အနေအထားလား။
- တိုင်းရင်းသား ပြည်သူအားလုံးဟာ ဖက်ဒရယ်ပြည်ထောင်စုကို တကယ်လိုချင်ကြပြီး အဲဒီပြည်ထောင်စုရဲ့ အချုပ်အခြာအာဏာကို စုပေါင်းကာကွယ်ကြမယ့် အဓိဋ္ဌာန်ကော ပြုကြမှာလား ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ မေးခွန်းတွေရဲ့ အဖြေက စိတ်ဝမ်းညီညွတ်စွာ ဖက်ဒရယ်စနစ်ကို ထူထောင်မယ်ဆိုရင် အမျိုးသားညီညွတ်ရေးကြီးကို ဖက်ဒရယ်ပြည်ထောင်စုအတွင်းမှာ ဧကန်ရှာတွေ့မှာ မလွဲပါလို့ ပြောချင်ပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ၁၃ ပြည်နယ်နဲ့ စခဲ့တယ်။ ပြည်နယ်တွေရဲ့ လူဦးရေ၊ စီးပွားရေးအလားအလာ၊ ကုန်ထုတ်လုပ်နိုင်မှု၊ ပြည်နယ်အတွင်း ရိက္ခာဖူလုံမှုအတိုင်းအတာ၊ လမ်းပန်းဆက်သွယ်ရေးနဲ့ နောက်ပြီး ပြည်နယ်တစ်ခုချင်းဟာ နိုင်ငံရေးအရအရေးပါတဲ့ အနေအထားရှိမှု စသည်တို့အပေါ် မူတည်ပြီး သူတို့ ပြည်နယ်အသစ်တွေ တိုးချဲ့ခဲ့ကြတယ်။ ခုဆို ပြည်နယ် ၅၀ အထိ ရှိနေပြီဖြစ်ပါတယ်။ မြန်မာပြည်ထောင်စုမှာလည်း အထက်ကလို ပြည်နယ်ဆိုင်ရာ အရည်အချင်းတွေ ပြည့်မီရင် လက်ရှိ Federal Unit ပြည်နယ် ၁၄ ခုကို မဏ္ဍိုင်ပြုပြီး -

(၁) အမျိုးသားပြည်နယ်၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(၄) လူမျိုးစုဧရိယာ အစရှိသဖြင့် လူမျိုးတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစတဲ့ အခွင့်အလမ်းဆိုင်ရာ ဒီမိုကရေစီ လွတ်လပ်ခွင့်တွေနဲ့ အမျိုးသားညီညွတ်ရေးခိုင်မာရေးကို ရှေးရှုပြီး ဖက်ဒရယ်ပြည်ထောင်စုယူနစ်တွေကို တိုးချဲ့ဖွဲ့စည်းပေးဖို့ အချိန်တန်ပြီဖြစ်ကြောင်း ပြောလိုပါတယ်။ ဒါဟာ စုစည်းညီညွတ်ခိုင်မာတဲ့ ပြည်နယ်ပေါင်းစု ဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် မြင်လိုတွေ့လိုတဲ့ နိုင်ငံရေးဆန္ဒဖြစ်ပါတယ်။

ပြည်ပ ပယောဂတွေဟာ တစ်နေ့တခြား များလာသလို တိုင်းရင်းသား လက်နက်ကိုင်တွေဆီ သပ်လျှိုသွေးခွဲ ဝင်ရောက်နေတာ မြင်နေရပါပြီ။ မြန်မာပြည်ကြီးပြိုကွဲပြီး နယ်မြေဖဲ့ယူလိုတဲ့အကြံဟာ ရပ်မနေပါဘူး။ သားစဉ်မြေးဆက် ကာကွယ်နေရဦးမှာကို သတိချပ်ရပါမယ်။ ဒီအကြံကို နောက်ကနေပြောင်ပြောင်တင်းတင်း နိုင်ငံကြီးတွေရဲ့ အားပေးမှုဟာ မြန်မာတွေ ပိုမိုသွေးစည်းဖို့လိုကြောင်း ပြနေပါတယ်။ နိုင်ငံကြီးတွေရဲ့ ဒေသတွင်းပဋိပက္ခ၊ ပထဝီနိုင်ငံရေး အသာစီးယူလိုမှုအတွက် စစ်ရေး၊ နိုင်ငံရေး ချိန်ခွင်လျှာကို တမင်ရှုပ်ထွေးအောင် ဖန်တီးနေမှုကို မျက်ဝါးထင်ထင် မြန်မာတွေမြင်အောင် ကြည့်ကြစေချင်ပါတယ်။ သံလွင်၊ စစ်တောင်း၊ ပေါင်းလောင်း၊ ဧရာဝတီ၊ မြန်မာ့မြေဆီပေါ်မှာ ကျခဲ့တဲ့သွေးတွေ သမိုင်းတစ်ခေတ်မှာ ကျန်ရစ်ပါစေတော့။ တောင်ပေါ်၊ မြေပြန့်၊ ချိုင့်ဝှမ်း၊ လွင်ပြင် လယ်ကွင်းပြင်တွေဆီက စလို့ အမျိုးသားသွေးစည်းညီညွတ်မှုကြီးကို ရှာဖွေဖို့ အချိန်တန်ပါပြီ။ ဒါကြောင့် “နာစရာရှိရင် လွမ်းစရာနဲ့ဖြေကြပါစို့” လို့ တိုက်တွန်းလိုက်ပါတယ်။

နိုင်ငံရေးဒေါသ၊ မာန်မာနနဲ့ မစ္ဆရိယစိတ်တွေကင်းစင်ပြီး နိုင်ငံနဲ့ ပြည်သူကိုချစ်တဲ့ စိတ်ထားတွေနဲ့ အမျိုးသားရင်ကြားစေ့ရေးကို အရောက်လှမ်းနိုင်ကြပါစေကြောင်း ဆုတောင်းလိုက်ပါတယ်။ ။

# ပူတာအိုမြို့ ရဝမ်ယဉ်ကျေးမှုပြတိုက်ကို ခမ်းခမ်းနားနား၊ အနှစ်သာရပြည့်ဝစွာဖြင့် ဖွင့်ပွဲပြုလုပ်ကျင်းပရမည်ဖြစ်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၆**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုအမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆောက်လုပ်ပြီးစီးခဲ့သော ရဝမ်ယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲကျင်းပရေးအတွက် ဒီဇင်ဘာ ၁၅ ရက် ညနေ ၄ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မြန်မာပြည်မြောက်ဖျားပိုင်းတွင် ရှိသည့် ရဝမ်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းပြီး ပြသနိုင်သည့် ရဝမ်ယဉ်ကျေးမှုပြတိုက်ကို ခမ်းခမ်းနားနား၊ အနှစ်သာရပြည့်ဝစွာဖြင့် ဖွင့်ပွဲပြုလုပ်ကျင်းပရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများအပြင် ဖွင့်ပွဲကျင်းပရေးအတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဖွင့်ပွဲကျင်းပနိုင်ရေး လိုအပ်သည့် အစီအမံများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။




ထို့နောက် ပွဲတော်ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအင်ဖုန်တန်၊ အဖွဲ့ဝင် ဒူဝါရယ်ဒမ်းတန်နှင့် တာဝန်ရှိသူများက ဖွင့်ပွဲကျင်းပရေးအတွက် စီမံခန့်ခွဲမှုကော်မတီမှ ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ရန်ပုံငွေရရှိရေး ဆောင်ရွက်လျက်ရှိသည့် အစီအမံများကို တင်ပြဆွေးနွေးကြရာ ဖွင့်ပွဲကျင်းပရေးအတွက် ပြတိုက်တည်ဆောက်ထားသည့် ရဝမ်ရိုးရာမနော‌ကွင်းအတွင်း ပြုပြင်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရန်ပုံငွေရရှိရေးအတွက် ကော်မတီဖွဲ့စည်းဆောင်ရွက်သွားရေးနှင့် အစိုးရအဖွဲ့မှ ကော်မတီများတွင် ပေါင်းစပ်ပါဝင်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ပြည်ထောင်စုအဆင့်များအား ဖိတ်ကြားသွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ညှိနှိုင်းဆွေးနွေးကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ရဝမ်တိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ရိုးရာဓလေ့ထုံးစံနှင့်အညီ အနှစ်သာရရှိစွာ ကျင်းပနိုင်ရေးနှင့် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုလုပ်ကျင်းပနိုင်ရေးနှင့် အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့်ယဉ် ကျေးမှုအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၈၉ သိန်းကျော် ခွင့်ပြုထုတ်ပေး

**ဥတ္တရသီရိ ဒီဇင်ဘာ ၁၆**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းနှင့် နာရေးစရိတ် စုစုပေါင်း ငွေကျပ် ၈၉ သိန်းကျော် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုနိုင်က နေပြည်တော် ကောင်စီအတွင်း မြို့နယ် လူမှုဖူလုံရေးရုံး၊ နေပြည်တော်ရုံးခွဲနှင့် ပျဉ်းမနားရုံးခွဲတို့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာန ၉၃၉ ဌာန ၊ အာမခံအလုပ်သမားဦးရေ ၂၃၁၂၆ ဦး ရှိပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (NDP) နှင့်အညီအလုပ်ဌာန၊ အလုပ်သမားများတိုးတက်မှတ်ပုံတင်နိုင်ရေးကို ဆောင်ရွက်လျက်ရှိပြီး အလုပ်သမားဦးရေ တိုးတက်လာသည်နှင့်အညီ လူမှုဖူလုံရေးဆေးခန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။




ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ်က ကွယ်လွန်သူအာမခံအလုပ်သမား ဦးကျော်မြင့်ဦး၏ ဇနီးဖြစ်သူ ဒေါ်အေးအေးအောင်အား ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းငွေကျပ် ၈၁ သိန်းနှင့် နာရေးစရိတ်ငွေကျပ် ၈ သိန်း ၁ သောင်းကို ခွင့်ပြုထုတ်ပေးသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု ၄၀ ရာခိုင်နှုန်းနှင့် လက်ရှိအကောင်အထည်ဖော်နေသော အာမခံစနစ်နှစ်မျိုးရှိ အကျိုးခံစားခွင့် ၁၅ မျိုးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အမှုတွဲပေါင်း ၄၅၄၈ မှုအတွက် ငွေကျပ်သန်းပေါင်း ၅၉၅ ဒသမ ၁၈၆ သန်းနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း အကျိုးခံစားခွင့် အမှုတွဲ ၉၀၂ မှုနှင့် ငွေကျပ်သန်းပေါင်း ၁၇၄ ဒသမ ၅၆၂ သန်းတို့ကို ခွင့်ပြု ထုတ်ပေးကြောင်း သိရသည်။ **အောင်ကို(ပြန်/ဆက်)**

# သနပ်ခါးဈေးကွက် လည်ပတ်နေသော်လည်း အပင်ငယ်များသာ အရောင်းအဝယ်ဖြစ်ထွန်းနေ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

သနပ်ခါးဈေးကွက် လည်ပတ်နေသော်လည်း အပင်ငယ်များသာ အရောင်းအဝယ်ဖြစ်ထွန်းနေကြောင်း အရာတော်မြို့နယ်မှ သနပ်ခါး စိုက်ပျိုးသူများထံမှ သိရသည်။

"သနပ်ခါးဈေးကွက်က အရောင်းအဝယ် သူ့ဟာနဲ့သူ မပြတ်ပေမယ့်လည်း သနပ်ခါးအပင်ကြီး လုံးပတ်ကြီးတွေက တင်ပို့ရတာမလွယ်ဘူး ဖြစ်နေတယ်။ အပင်သေး လုံးပတ်သေးတွေလောက်ပဲ အရောင်းအဝယ် ဖြစ်ထွန်းနေတယ်။ သနပ်ခါးအပင်သေးတွေက ဝန်မကျယ်တော့ ဆိုက်တွဲတွေ၊ သုံးဘီးတွေနဲ့ တင်သွားလို့လည်း ဖြစ်တယ်။ ဒီတော့ သနပ်ခါးခြံတွေကနေ အဲဒီလိုအပင်ငယ်တွေကို လာဝယ်ကြတာများတယ်။ ဒေသအနီးတစ်ဝိုက်နဲ့ စစ်ကိုင်းတိုင်းအတွင်းက တချို့မြို့နယ်တွေဆီကို ပြန်ပြီး ရောင်းကြတာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ငြိမ်းစံကျေးရွာမှ သနပ်ခါးခြံလုပ်ငန်းလုပ်ကိုင်သူ ကိုနိုင်မိုးက ပြောသည်။

တစ်ပင်လျှင် ငွေကျပ် ၅၀၀၀ ဝန်းကျင် တန်ဖိုးရှိသည့် သနပ်ခါး အပင်ငယ်များကမူ သယ်ယူရလွယ်ကူသဖြင့် အရောင်းအဝယ် ပိုမိုဖြစ်ထွန်းမှုရှိနေကြောင်း သိရသည်။

"သနပ်ခါးအပင်ကြီးတွေကျတော့ ကားငှားတင်ပို့မှ အဆင်ပြေတာပါ။ အရင်ကတော့ သနပ်ခါးခုတ်ပြီးချိန်ဆိုရင် ကားငှားပြီး မြို့တွေဆီ တင်ပို့လိုက်တယ်။ အခုကျတော့ တင်ပို့မှုက မလွယ်တာ။ ဘုရားဖူးကားတွေနဲ့ ထည့်ပေးမယ်ဆိုတော့လည်း အနည်းအကျဉ်းလောက်ပဲ တင်လို့ရတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

သနပ်ခါးခြံကြီးများမှာ လုံးပတ်ကြီးသနပ်ခါးများကို တင်ပို့ရောင်းချရန် မလွယ်ကူသဖြင့်၊ ခြံပြုစုထိန်းသိမ်းပုံမှန်လုပ်ပေးရင်း ဈေးကွက်ကောင်းချိန်ကို စောင့်ဆိုင်းနေကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

*❍ ကျောဖုံးမှ*

ဝက်စ်ဟမ်းအသင်းသည် ပြိုင်ဘက်အာဆင်နယ်အသင်း အပေါ် ကစားပုံချဉ်းကပ်မှုလိုအပ်ချက်ရှိခဲ့ပြီး အသင်းကစား သမားများ သာမန်ခြေစွမ်းအောက်ရောက်ရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။ အာဆင်နယ်အသင်းသည် အသင်းမှချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သည်ဟု ဆိုကာ အူဘာမီယန်ကို အသင်းခေါင်းဆောင်ရာထူးမှ ဖယ်ရှားခဲ့သလို ယခုပွဲစဉ်တွင်လည်း ထည့်သွင်းရွေးချယ်ခဲ့ခြင်း မရှိသည်ကို တွေ့ရသည်။ ပထမပိုင်းတွင် အာဆင်နယ်အသင်းအနေဖြင့် ဝက်စ်ဟမ်းအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်မှုပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးရရှိနိုင်ခြင်း မရှိခဲ့ချေ။

ဒုတိယပိုင်း ပြန်လည်စတင်ပြီး မကြာမီတွင် အာဆင်နယ်အသင်း အဖွင့်ဂိုးရရှိခဲ့ပြီး မာတင်နယ်လီက သွင်းယူပေးနိုင် ခဲ့သည်။ သာမန်ခြေစွမ်းအောက်ရောက်ရှိနေသည့် ဝက်စ်ဟမ်းအသင်းသည် ပွဲချိန် ၆၇ မိနစ်တွင် ကာဖော နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည့်အတွက် နစ်နာခဲ့ရသည်။ ထို့ကြောင့် ဝက်စ်ဟမ်းအသင်းသည် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် အာဆင်နယ်အသင်းကို ရင်ဆိုင်ကစားခဲ့ရသည်။ ပွဲချိန် ၆၉ မိနစ်တွင် အာဆင်နယ်အသင်း ပယ်နယ်တီကန်သွင်းခွင့် ရရှိခဲ့သော်လည်း အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူပွဲထွက်လာသည့် လာကာဇက် ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ချေ။

အာဆင်နယ်အသင်းအတွက် အနိုင်သေချာစေမည့် ဂိုးကို ပွဲချိန် ၈၇ မိနစ်တွင် လူစားဝင်ကစားသမား စမစ်ရိုဝီက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်တွင် တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် အာဆင်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၉ ရက်တွင် လိဒ်စ်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဝက်စ်ဟမ်းအသင်းက ဒီဇင်ဘာ ၁၈ ရက်တွင် အမှတ်ပေးဇယားအောက်ဆုံးမှ နေ့ဝုစ်ချ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အခြားသောပွဲစဉ်ရလဒ်များတွင် ဝုဖ်က ဘရိုက်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ခရစ္စတယ်ပဲလေ့စ်နှင့် ဆောက်သမ်တန်အသင်းတို့ ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ ဘန်လေအသင်းနှင့် ဝက်ဖို့ဒ်အသင်းတို့ ယှဉ်ပြိုင် ကစားမည့် ပွဲစဉ်ကို ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။ **အောင်ဇော်**

# ခရီးသွားလုပ်ငန်း ဘေးကင်းလုံခြုံရေးဆိုင်ရာ စက္ကူဖြူစာတမ်းမိတ်ဆက်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO)၊ အာဖရိကဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (AUDA–NEPAD) နှင့် အနောက်အာဖရိက စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ပူးပေါင်းမှုအဖွဲ့ (UEMOA) တို့ ပူးပေါင်းဆောင်ရွက်သည့် ခရီးသွားလုပ်ငန်းဘေးကင်းလုံခြုံရေးဆိုင်ရာ စက္ကူဖြူစာတမ်းမိတ်ဆက်ခြင်းအစီအစဉ် (Launching Of the White Paper on Safety and Security in Tourism) ကို ဒီဇင်ဘာ ၁၅ ရက်က Virtual စနစ်ဖြင့် ကျင်းပခဲ့ရာ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာငွေးအောင်နှင့် တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ တာဝန်ခံများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။ **(ယာပုံ)**




### အဖွင့်အမှာစကားပြောကြား

ဆွေးနွေးပွဲတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili ၊ အာဖရိကဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (AUDA–NEPAD) ၏ အမှုဆောင်အရာရှိချုပ် Dr. Ibrahim Assane Mayaki နှင့် အနောက်အာဖရိကစီးပွားရေးနှင့် ငွေကြေးဆိုင်ရာပူးပေါင်းမှုအဖွဲ့ (UEMOA)၏ ကော်မရှင်ဥက္ကဋ္ဌ Mr. Abdoulaye Diop တို့က အဖွင့်အမှာစကား ပြောကြားသည်။

အထွေထွေအတွင်းရေးမှူးချုပ်က အမှာစကားပြောကြားရာတွင် အဆိုပါစာတမ်းသည် နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး၊ နိုင်ငံတကာဝင်ပေါက်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ဘေးကင်းလုံခြုံသော ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ရေးအတွက် လုပ်ငန်းလမ်းညွှန်ချက်များဖြစ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ခရီးသွားလုပ်ငန်းပြန်လည် ဖွင့်လှစ်ရာတွင် ဘေးကင်းလုံခြုံရေးအတွက် အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ခရီးစဉ်ဒေသများတွင် ဘေးကင်းလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှု (Crisis Management) အတွက်လည်း အထောက်အကူပြုပါကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍကို ပြန်လည်ထူထောင်ရာတွင် ကြံ့ကြံ့ခံနိုင်သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးအတွက် စာတမ်းပါ လမ်းညွှန်ချက်များက အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ခရီး သွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် လာမည့် ၂၀၂၂ ခုနှစ်တွင် အဆိုပါစာတမ်းအား လက်တွေ့အကောင်အထည်ဖော်မှုဆိုင်ရာ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို Online ၊ Offline များဖြင့် ပြုလုပ်ရန်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ International Affairs at Amarante International မှ ဒုတိယဥက္ကဋ္ဌ Mr. Didier Ranchon က စက္ကူဖြူစာတမ်းကို ရှင်းလင်းတင်ပြခဲ့ပြီး လက်တွေ့အသုံးပြုနိုင်မည့် အချက်အလက်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အာဖရိကဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms. Elcia Grandcourt က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

### ကွင်းဆင်းစစ်တမ်းကောက်

အဆိုပါစာတမ်းကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက အာဖရိကနှင့် မော်ရိုကို၊ မောရစ်သျှ၊ မက္ကဆီကို၊ ဖိလစ်ပိုင်၊ ပေါ်တူဂီ၊ ဆီနီဂေါ၊ သီရိလင်္ကာနှင့် တူနီးရှား စသည့်နိုင်ငံများတွင် ကွင်းဆင်းစစ်တမ်းကောက်ခံမှုများ ပြုလုပ်ခဲ့ကြပြီး ရရှိလာသည့် ရလဒ်များကို အခြေခံ၍ အဖွဲ့ဝင်နိုင်ငံများအတွက် ခရီးသွားလုပ်ငန်းဘေးကင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန် နည်းလမ်းများနှင့် လမ်းညွှန်ချက်များကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများအတွက် ရည်ရွယ်ကြောင်းနှင့် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများအနေဖြင့် ဘေးအန္တရာယ်ကာကွယ်ထိန်းသိမ်းရေး အစီအမံများ ရေးဆွဲရာတွင် အထောက်အကူရရှိစေရန် ရည်ရွယ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ PARKROYAL Hotel အစည်းအဝေး ခန်းမ၌ နိုင်ငံတော် ညွှန့်ဂေဟာ ဟိုတယ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း (၇၇) နိုင်ငံများမှာသာမက ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံ အချို့၌ပါ ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ဖြစ်ပွားလျက်ရှိသည်။ တွေ့ရှိရသဖြင့် သတိပြုရန်လိုအပ်ပါကြောင်း၊ ကိုဗစ်–၁၉ ကပ်ရောဂါအား တစ်ဦးချင်း လိုက်နာထိန်းသိမ်း ဆောင်ရွက်မှသာ ကျော်လွှားနိုင်မည်ဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်ရှိ ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးအသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်းလိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ထို့ပြင် မြန်မာ့ကျောက်မျက် ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဆောင်ရွက်မည့် ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ Mini Gems Emporium နှင့် ဆက်စပ်၍ လာရောက်တည်းခိုမည့် ဧည့်သည်များကို လက်ခံဆောင်ရွက်မည့် ဟိုတယ်များအနေဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကိုဗစ်–၁၉ ကာကွယ်ရေးဆိုင်ရာ သတ်မှတ်ချက်များအား တိကျစွာ လိုက်နာလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဟိုတယ်များအနေဖြင့် ကိုဗစ်–၁၉ Safe Services ဖြစ်သည့် အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်များအား လျှောက်ထားရယူနိုင်ရေး အလေးထား ဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် လမ်းတစ်လျှောက် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏ ပုံမှန်ထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သည့် လမ်းမကြီးတစ်လျှောက် မြက်ဖြတ်ခြင်း၊ ပုံသွင်းခြင်း၊ အကိုင်းရှင်းခြင်း၊ သဲကျွေးခြင်းနှင့် ရေလောင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မကြာမီ ခြောက်သွေ့သော ရာသီသို့ ရောက်ရှိတော့မည်ဖြစ်၍ လမ်းမကြီးများတစ်လျှောက် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ထားရှိရန် မှာကြားခဲ့သည်။



ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးရှိ နှင်းဆီပန်းအဝိုင်းတွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အဝိုင်းပေါ်ရှိ သက်တမ်းရင့် အလှပန်းပင်များကို အစားထိုးလဲလှယ် စိုက်ပျိုးသွားရန်၊ ရေ/မီးစနစ်များကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရန်၊ ပုံသွင်းရသည့် ပန်းအလှပင်များကို ညီညာသေသပ်စွာ ပုံသွင်းဆောင်ရွက်ရန်နှင့် နှင်းဆီပန်းအဝိုင်းကို အစဉ်အမြဲ သာယာလှပရေး ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ဗီယက်နမ်အသင်းက သေချာသလောက်ရှိနေကာ ကျန်တစ်နေရာအတွက် မလေးရှားနှင့် အင်ဒိုနီးရှားအသင်း အပြိုင်လုရမည်ဖြစ်သည်။ အုပ်စု (က) တွင် ထိုင်းနှင့် စင်ကာပူအသင်းက ကိုးမှတ်စီရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ထားပြီး သုံးမှတ်စီရထားသည့် မြန်မာနှင့် ဖိလစ်ပိုင်၊ လေးပွဲစလုံးရှုံးနိမ့်ခဲ့သည့် တီမောအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ရပြီဖြစ်သည်။ ထို့ကြောင့် အုပ်စု (က) နောက်ဆုံးပွဲတွင် ထိုင်းနှင့် စင်ကာပူအသင်း တို့က အုပ်စုပထမနေရာအတွက် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာနှင့် ဖိလစ်ပိုင်အသင်းမှာမူ ဂုဏ်သိက္ခာအတွက်သာ ကစားရမည်ဖြစ်သည်။ အုပ်စု (ခ)တွင်မူ အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်းတို့က ခုနစ်မှတ်စီ၊ မလေးရှားအသင်းတို့က ခြောက်မှတ်စီရကာ ဆီမီးဖိုင်နယ်တက်ရေး အပြိုင်ဖြစ်နေကာ သုံးမှတ်ရထားသည့် ကမ္ဘောဒီးယားနှင့် လေးပွဲစလုံး ရှုံးခဲ့သည့် လာအိုအသင်းတို့မှာ အုပ်စုမှထွက်ရပြီဖြစ်သည်။ လက်ရှိ ချန်ပီယံ ဗီယက်နမ်အသင်းသည် ကမ္ဘောဒီးယားနှင့် နောက်ဆုံးပွဲကစားရမည်ဖြစ်သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် သေချာသလောက်ရှိနေပြီး မလေးရှားနှင့် အင်ဒိုနီးရှားပွဲမှာ ရေကုန် ရေခန်းကစားရမည်ဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် တစ်မှတ် အသာရထားသဖြင့် မလေးရှားကို သရေကစားရုံဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲစဉ်များကို ည ၇ နာရီတွင် တစ်ချိန်တည်းယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် ဘစ်ရှန်ကွင်း၌ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ အမျိုးသားအားကစားကွင်း၌ အိမ်ရှင်စင်ကာပူအသင်းနှင့် ထိုင်းအသင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ဘစ်ရှန်ကွင်း၌ ဗီယက်နမ်အသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ အမျိုးသားအားကစားကွင်း၌ မလေးရှားအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ရဲရင့်လွင်**

# မြေပုံမြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြော

**မြေပုံ ဒီဇင်ဘာ ၁၆**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦး စီးဌာန၏ လမ်းညွှန်မှုနှင့်အညီ မြေပုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ရွှေက ငါးမဖမ်းဆီးရသည့်ရာသီ၊ ဇရိယာ၊ သတ်မှတ်ပိုက်ကွက်၊ သတ်မှတ်ငါးအလေးချိန်၊ အရွယ်အစားများကန့်သတ်ရသည့်အကြောင်းများ၊ ငါးမျိုးစိုက်ထည့်ရခြင်း၊ ဒီရေတောများ ထိန်းသိမ်းရခြင်း၊ ဘက်ထရီရှော့ခ်တိုက် ငါးမဖမ်းဆီးရန်တားမြစ်ရခြင်း၊ မျိုးသုဉ်းရှားပါးတော့မည့် ရေသတ္တဝါများကို အထူးကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရခြင်းနှင့် ပင်လယ်ပြင်ရေအောက်ကြမ်းပြင် သန္တာကျောက်တန်းများကို ပျက်စီးစေသည့် ကမ်းနီးတရွတ်ဆွဲ ငါးဖမ်းဆီးခြင်းကို တားမြစ်ရခြင်းများကို ဟောပြောဆွေးနွေးကာ တက်ရောက်လာကြသည့် ရေလုပ်သားများက မေးမြန်းကာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားပေးသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# အပျိုစင်ဒေသထွက်ကုန်နှင့် ပြည်ပဈေးကွက်အလားအလာ (၃)

ယုဇနမြင့်အောင်(ကုန်သွယ်ရေးဦးစီးဌာန)

### ကော်ဖီသောက်သုံးမှုအများဆုံးနိုင်ငံများသို့ တင်ပို့မှု ဂျပန်နိုင်ငံ၏ကော်ဖီသောက်သုံးမှု

ဂျပန်နိုင်ငံသည် အရည်အသွေးမြင့်ကော်ဖီကိုသာ ရွေးချယ်သောက်သုံးပြီး ကော်ဖီသောက်သူများစာရင်းတွင် တတိယနေရာ၌ရပ်တည်နေသည်။ အသက် ၂၅ နှစ်မှ ၅၉ နှစ် ကြားရှိလူများသည် တစ်ပတ်လျှင် ကော်ဖီ ၁၀ ခွက်ကျော် သောက်သုံးကြပြီး လူတစ်ဦးသည် တစ်နှစ်လျှင် နှစ်ကီလိုကျော်လောက် သောက်သုံးကြသည်။ အာရှတိုက်၏ ကော်ဖီတင်ပို့မှုအများဆုံးဈေးကွက်ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ နိုင်ငံအလိုက် ကော်ဖီတင်သွင်းမှု အဆင့်သတ်မှတ်ချက်တွင် ဘရာဇီး၊ ကိုလံဘီယာနှင့် ဗီယက်နမ်နိုင်ငံတို့သည် ပထမ၊ ဒုတိယနှင့် တတိယနေရာတို့ ရရှိထားပြီး မြန်မာနိုင်ငံသည် အဆင့် ၃၄ နေရာတွင် ရပ်တည်နေသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကော်ဖီသောက်သုံးမှုအတွက် ၂၉ ဒသမ ၉ မီလီယံသုံးစွဲခဲ့သည်။ ထိုသို့သောက်သုံးမှုသည် ၂၀၂၀–၂၀၂၅ အတွင်း ၃ ဒသမ ၅ ဆနီးပါး တစ်နှစ်ထက်တစ်နှစ် များလာနိုင်မည်ဟု ခန့်မှန်းလျက်ရှိသည်။

ဂျပန်အစိုးရသည် လူစည်ကားရာနေရာများတွင် ဒေသထွက်ကုန်များ ရောင်းချသော antenna shop များကို နိုင်ငံအနှံ့ ဖွင့်လှစ်ပေးထားသည်။ အဆိုပါဆိုင်များတွင် မဲခေါင်ဒေသထွက်ကုန်စည်များကို ပါဝင်ရောင်းချခွင့်ပြုထားသဖြင့် မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်သော လာအို၊ ဗီယက်နမ်နှင့် ထိုင်း၊ ကမ္ဘောဒီးယားတို့သည် ၎င်းတို့နိုင်ငံထွက် ကော်ဖီများကို ရောင်းချလျက်ရှိသည်။ ဂျပန်အစိုးရအား မဲခေါင်ဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံကိုလည်း အခြားနိုင်ငံများနှင့် တန်းတူထား၍ antenna shop များတွင် မြန်မာ့ကော်ဖီများ ရောင်းချခွင့် ခွင့်ပြုပေးရန် တောင်းဆိုတင်ပြနိုင်လျှင်၊ ရောင်းချလိုသူများ၏ လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ခဲ့လျှင် ရလဒ်ကောင်းများ ရရှိနိုင်ဖွယ်ရှိသည်။

### အကျိုးရလဒ်ကောင်းများရရှိမည်

တိုကျိုမြို့၏ လူစည်ကားလှသော ရှင်ဂျူကုဘူတာအနီးတွင် "အောင်ကော်ဖီဆိုင်"ကို ဖွင့်လှစ်ထားသည်။ ဂျပန်လူမျိုးဆိုင်ပိုင်ရှင်သည် ၎င်း၏မွေးနံနှင့် ကိုက်ညီပြီး လုပ်ငန်းအောင်မြင်တိုးတက်စေရန် ရည်ရွယ်၍ အဆိုပါအမည်ကို ပေးထားခြင်းဖြစ်သည်။ ဆိုင်တွင် မြန်မာမှုအပြင်အဆင်များ ခင်းကျင်း၍ ကော်ဖီနှင့်အတူ ရွှေကြည်ဆနွင်းမကင်းကဲ့သို့ မြန်မာမုန့်များကို စားသုံးနိုင်စေရန် ဆောင်ရွက်ထားသည်။ ယင်းဆိုင်တွင် ပြင်ဦးလွင်၊ မိုးကုတ်၊ သံတောင်နှင့် ရှမ်းပြည်နယ်ထွက်ကော်ဖီများကို ရောင်းချသော်လည်း ရှမ်းပြည်နယ်ထွက်ကော်ဖီအရသာကို ဂျပန်လူမျိုးတို့ အများဆုံးနှစ်ခြိုက်ကြသည်။ ထို့ကြောင့် ရှမ်းပြည်နယ်ဒေသထွက် ကော်ဖီများကို ပိုမိုတင်သွင်းနိုင်ပါက အကျိုးရလဒ်ကောင်းများ ရရှိမည်ဖြစ်သည်။

**၂၀၁၈–၂၀၂၀ ခုနှစ်အတွင်း HS Line အလိုက် United Nation Trade Statistics Database တွင် ဖော်ပြထားသော မြန်မာနိုင်ငံမှ ကော်ဖီတင်ပို့မှုစာရင်း**

{Coffee, whether or not roasted or decaffeinated: husks and skin: coffee substituties containing coffee in any proportion (HS Line–0901)}

| ခုနှစ် | ဂျပန်သို့ ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏ စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏စုစုပေါင်း ရငွေ% |
|---|---|---|---|---|
| ၂၀၁၈ | ၂၂၀၀၈၅, | ၃၂,၃၁၀ | ၂၇၃၉,၉၁၃ | ၈.၀၃% |
| ၂၀၁၉ | ၄၀၀,၃၂၇ | ၆၆,၉၆၃ | ၂၇၀၄,၁၉၅ | ၁၄.၈၀% |
| ၂၀၂၀ | ၄၄၉,၈၁၆ | ၁၀၁,၁၅၀ | ၂၄၃၇,၄၈၅ | ၁၈.၄၅% |

{Coffee, roasted not decaffeinated: (HS Line–090121)}

| ခုနှစ် | ဂျပန်သို့ ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏စုစုပေါင်း ရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏စုစုပေါင်း ရငွေ % |
|---|---|---|---|---|
| ၂၀၁၉ | ၁၁,၄၉၁ | ၁၇,၂၈၁,၇၂၈ | ၂၁,၉၃၂ | ၁၄.၈၀% |

{Coffee, not roasted or decaffeinated (HS Line–090111)}

| ခုနှစ် | ဂျပန်နိုင်ငံသို့ ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏ စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏စုစုပေါင်း ရငွေ % |
|---|---|---|---|---|
| ၂၀၁၈ | ၂၁၈,၉၅၁ | ၄၇,၆၈၁ | ၂၃၁၃,၆၇၀ | ၉.၄၆% |
| ၂၀၁၉ | ၂၈၇,၆၉၉ | ၆၂,၂၂၅ | ၁၇၅၃,၇၇၈ | ၁၆.၄၀% |
| ၂၀၂၀ | ၃၀၀,၅၄၀ | ၅၆,၆၉၈ | ၁၂၃၀,၅၆၅ | ၂၄.၄၂% |

{Coffee, decaffeinated, not roasted (HS Line–090112)}

| ခုနှစ် | ဂျပန်နိုင်ငံသို့ ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏ စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏စုစုပေါင်း ရငွေ % |
|---|---|---|---|---|
| ၂၀၁၈ | ၁,၁၃၄ | ၁၂၀ | ၂၆၆,၉၆၄ | ၀.၄၂% |
| ၂၀၁၉ | ၄,၃၀၀ | ၉၀၀ | ၄၉၆,၈၇၅ | ၀.၈၆% |
| ၂၀၂၀ | ၃၀,၇၇၈ | ၅,၂၄၀ | ၄၇၅,၂၈၁ | ၆.၉၆% |

{Coffee, husks and skins; coffee substitutes containing coffee in any proportion (HS Line–090190)}

| ခုနှစ် | ဂျပန်နိုင်ငံသို့ ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏ စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏စုစုပေါင်း ရငွေ % |
|---|---|---|---|---|
| ၂၀၁၉ | ၈၃၉ | ၄၆၀ | ၃၃၆,၆၁၂ | ၀.၂၅% |
| ၂၀၂၀ | ၅၆,၄၀၀ | ၁၂,၀၀၀ | ၆၅၄,၀၂၄ | ၈.၆၂% |

### ရုရှားနိုင်ငံ၏ကော်ဖီသောက်သုံးမှု

ရုရှားနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်မှ စတင်၍ နိုင်ငံအတွင်း ကော်ဖီသောက်သုံးမှု တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ကမ္ဘာ့ကော်ဖီသောက်သုံးမှု အများဆုံးနိုင်ငံများစာရင်းတွင် စတုတ္ထမြောက်နေရာတွင် ရပ်တည်နေပြီး ဥရောပတွင် ကော်ဖီသောက်သုံးမှု အများဆုံးနိုင်ငံဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် ၁၈၆ တန် တင်သွင်းခဲ့သည့်အနက် အင်ဒိုနီးရှားနိုင်ငံမှ ဒုတိယအများဆုံးဖြစ်သည်။ ထိုသို့တင်သွင်းရာတွင် ကော်ဖီစိမ်းတင်သွင်းမှု အများဆုံးဖြစ်၍ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ တင်သွင်းထားသည့် ကော်ဖီစိမ်းများမှ အသင့်သောက်ကော်ဖီများကို ပြန်လည်တင်ပို့ကြရာ ၂၀၁၅ ခုနှစ်မှစတင်၍ နှစ်စဉ် ၅ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ရာ နိုင်ငံအလိုက် စာရင်းတွင် အဆင့် ၇ နေရာ၌ ရပ်တည်နေသည်။ မြန်မာနိုင်ငံ၌ စိုက်ပျိုးမှုအများဆုံးမျိုးဖြစ်သည့် အာရေးဗီးယားကော်ဖီကို နှစ်စဉ် ၁၂ ရာခိုင်နှုန်းတိုး၍ လက်ခံတင်သွင်းနေသည်။ ထို့အပြင် ရုရှားနိုင်ငံသည် Eurasian Economic Union တွင် အဖွဲ့ဝင်နိုင်ငံဖြစ်ရာ အဆိုပါအဖွဲ့မှ Eurasian Economic Union's Common System Of Tariff Preferences ကို မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပေးအပ်လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ ပို့ကုန်များ တင်ပို့ရာတွင် အကောက်ခွန် ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါ သည်။ သို့ဖြစ်ရာ ကော်ဖီစိမ်းတင်သွင်းမှု အလျင်အမြန် တိုးတက်လာခြင်းသည် မြန်မာနိုင်ငံကဲ့သို့ ကုန်ကြမ်းတင်ပို့မှုများသော နိုင်ငံအတွက် အခွင့်အလမ်းကောင်းဖြစ်သည်။ လက်ရှိကာလတွင်လည်း ကော်ဖီစိမ်းဝယ်ယူလျက်ရှိနေပြီဖြစ်သောကြောင့် ရုရှားနိုင်ငံသို့ ဦးစားပေးတင်ပို့မည့် ကုန်စည်စာရင်းများတွင် ကော်ဖီကိုထည့်သွင်း၍ ဝယ်ယူပမာဏတိုးတက်လာစေရေး အလေးထားဆောင်ရွက်မည်ဆိုပါက အကျိုးရလဒ်ကောင်းများ ရရှိမည်ဖြစ်သည်။

**၂၀၁၈–၂၀၂၀ ခုနှစ်အတွင်း HS Line အလိုက် United Nation Trade Statistics Database တွင် ဖော်ပြထားသော မြန်မာနိုင်ငံမှ ကော်ဖီတင်ပို့မှုစာရင်း**

Coffee, whether or not roasted or decaffeinated: husks and skin: coffee substitutes containing coffee in any proportion (HS Line–0901)

| ခုနှစ် | ရုရှားသို့ ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏ စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏စုစုပေါင်း ရငွေ% |
|---|---|---|---|---|
| ၂၀၁၈ | ၇,၄၇၃ | ၉၀၀ | ၂၇၃၉,၉၁၃ | ၀.၂၇% |
| ၂၀၂၀ | ၂၄,၆၈၂ | ၅၂၂၀ | ၂၄၃၇,၄၈၅ | ၁.၀၁% |

သို့ဖြစ်၍

"ရှမ်းတောင်က သမီးပျိုရဲ့ အလှကို
ဒေသဆိုင်ရာအညွှန်းနဲ့သာ လွှမ်းခြုံကာပြရင်ဖြင့်
ကော်ဖီတွေရဲ့ အပြုံးပန်းလည်း
ကမ္ဘာကျော်မယ် ထင်မိပါရဲ့"ဟု

ကဗျာရေးဖွဲ့ရင်း ထူးခြားသော ကိုယ်ပိုင်ဂုဏ်ရည်များနှင့် ပြည့်ဝနေသောကြောင့် ဈေးကောင်းရရှိရန် အလားအလာရှိနေသော ရှမ်းဒေသထွက် ကော်ဖီအား အသိအမှတ်ပြု ဒေသဆိုင်ရာ အညွှန်းလျှောက်ထားပိုင်ဆိုင်ပြီး ဈေးကွက်ဝယ်လိုအား လိုအပ်ချက်ကို သေချာစွာတွက်ချက်၍ ကမ္ဘာ့ကော်ဖီဈေးကွက်သို့ ထိုးဖောက်မည်ဆိုပါက လေလွင့်ဆုံးရှုံးမှုနည်းပြီး မြန်မာနိုင်ငံ၏ ခိုင်မာသည့် တင်ပို့အမယ်တစ်ခုအဖြစ် ရပ်တည်လာနိုင်ဖွယ်ရှိသည်။ ဒေသဆိုင်ရာအညွှန်း ပိုင်ဆိုင်ထားခြင်းသည် ဈေးနှုန်းချင်း ယှဉ်ပြိုင်ရောင်းချခြင်းအစား အရည်အသွေးချင်းယှဉ်ပြိုင်ရောင်းချခြင်းဖြစ်၍ ဈေးကွက်၌ ရေရှည်ယှဉ်ပြိုင်နိုင်ပြီး ဈေးကောင်းရရှိခြင်း၊ ဂုဏ်သတင်း ကျော်စောမှုကို ဖြစ်ပေါ်စေသောကြောင့် ဈေးကွက်ချဲ့ထွင်နိုင်စွမ်း မြန်ဆန်ခြင်း၊ အသိအမှတ်ပြုခံထားရသော ကုန်စည်ဖြစ်သောကြောင့် အခြားသူများ လိမ်လည်တုပမှုပြုခြင်းမှ ကာကွယ်ပေးခံရပြီးဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ ထို့အပြင် ကော်ဖီ အရည်အသွေးထိန်းသိမ်းပြီးဖြစ်ခြင်း၊ ကုန်သွယ်မှုပမာဏတိုးတက်၍ နိုင်ငံခြားငွေရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အမျိုးသမီးများဘဝ မြှင့်တင်ပေးခြင်း၊ ဓနုလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ သိရှိစေခြင်းနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်း စသည့် အကျိုးကျေးဇူးများလည်း ရရှိမည်ဖြစ်သည်။ ။

❊ ကော်ဖီစိမ်းတင်သွင်းမှု အလျင်အမြန် တိုးတက်လာခြင်းသည် မြန်မာနိုင်ငံကဲ့သို့ ကုန်ကြမ်းတင်ပို့မှုများသော နိုင်ငံအတွက် အခွင့်အလမ်းကောင်းဖြစ်သည်။ လက်ရှိကာလတွင်လည်း ကော်ဖီစိမ်းဝယ်ယူလျက်ရှိနေပြီဖြစ်သောကြောင့် ရုရှားနိုင်ငံသို့ ဦးစားပေးတင်ပို့မည့် ကုန်စည်စာရင်းများတွင် ကော်ဖီကိုထည့်သွင်း၍ ဝယ်ယူပမာဏတိုးတက်လာစေရေး အလေးထားဆောင်ရွက်မည်ဆိုပါက အကျိုးရလဒ်ကောင်းများ ရရှိမည်ဖြစ်သည်

# လားရှိုးခရိုင်အတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၀၇၈ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့



လားရှိုး ဒီဇင်ဘာ ၁၆

**ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တစ်နိုင်ငံလုံးမှာရှိသည့် ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ကို နိုင်ငံတော်စီမံချက်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပန်းခင်းစီမံချက်သည် နိုင်ငံတော်စီမံချက်ဖြစ်သလို ပြည်သူများ၏ အမှန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြစ်၍ ပြည်သူ့အကျိုးပြုစီမံချက်လည်းဖြစ်ပါကြောင်း၊ ယနေ့တွင် လားရှိုးခရိုင်အတွင်း လားရှိုး၊ သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်၊ ကွမ်းလုံမြို့နယ်များမှ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၀၉၁ ကတ်အား လက်ဝယ်အရောက် ပေးအပ်ခြင်းဖြစ်သည့်အပြင် ယခုကဲ့သို့ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်မှုအား ငါးကြိမ်ပေးအပ်ရာတွင် စုစုပေါင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၀၇၈ ကတ်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများက လားရှိုးခရိုင်အတွင်းမှ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ရာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။**ဝေဖြိုးလေး(ပြန်/ဆက်)**

# ပဲခူးမြို့နယ်တွင် နိုင်ငံသားတိုင်း မှတ်ပုံတင်ကိုင်ဆောင်နိုင်ရေး ပန်းခင်းစီမံချက်ဖြင့် လုပ်ဆောင်ပေးမှု လျာထားချက်ထက် ကျော်လွန်ပြီးစီး

ပဲခူး ဒီဇင်ဘာ ၁၆



ပဲခူးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများနှင့် ရပ်ရွာအေးချမ်းသာယာလုံခြုံမှုရှိစေရေး လုပ်ဆောင်ရာတွင် သက်ဆိုင်ရာဌာနများနှင့်အတူ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ကူညီပံ့ပိုးပေးမှုကြောင့် အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။

ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ပန်းခင်းစီမံချက် လျာထားချက်ရာနှုန်းပြည့်အောင် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပဲခူးမြို့နယ်အတွင်းရှိ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စီမံအုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် မိမိတို့ မြို့ ရပ်ကွက်/ ကျေးရွာများ လုံခြုံမှုရရှိရေးအတွက် လုံခြုံရေးအမြင်ရှိရန်လိုအပ်ကြောင်း၊ နိုင်ငံသားတိုင်း မှတ်ပုံတင် ကိုင်ဆောင်နိုင်ရေး ပန်းခင်းစီမံချက်ဖြင့် လုပ်ဆောင်ပေးရာတွင် ပဲခူးမြို့နယ်အနေဖြင့် လျာထားချက် ကျော်လွန်ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးသူအတွက် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ငွေပေးအပ်

**ပုသိမ် ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် ပုသိမ်မြို့ အမှတ်(၃)နယ်မြေရှိ ပုသိမ်သစ်ထုတ်လုပ်ရေးရုံးမှ အာမခံအလုပ်သမား ဦးအောင်ဆွေဖြိုးသည် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခြင်းကြောင့် ကျန်ရစ်သူမိသားစုအတွက် အကျိုးခံစားခွင့်ငွေပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒေါ်မြတ်မြတ်ဦးက အဆိုပါအာမခံအလုပ်သမားအတွက် လူမှုဖူလုံရေး အာမခံ အကျိုးခံစားခွင့် ငွေကျပ် ၁၃၇၅၀၀၀၀ ကို ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ရည်မွန်ထူးထံသို့ ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိနှင့်ဝန်ထမ်းများ၊ ပုသိမ်မြို့နယ် သစ်ထုတ်လုပ်ရေးဒေသရုံး မန်နေဂျာ ဦးကျော်မျိုးထက်နှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




# မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ နောင်ဘဏ္ဍာနှစ်ငါးနှစ်အတွင်း နှစ်စဉ် မတ်ပဲတန်ချိန် ၂ ဒသမ ၅ သိန်းနှင့် ပဲစင်းငုံတန်ချိန် တစ်သိန်းတို့ကို ပုဂ္ဂလိကကုန်သွယ်မှုမှတစ်ဆင့် တင်ပို့မည်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးသို့ ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေး၌ ၂၀၂၁ ခုနှစ် ဇွန် ၁၈ ရက်တွင် မြန်မာနှင့် အိန္ဒိယနိုင်ငံအစိုးရများအကြား လက်မှတ်ရေးထိုးခဲ့သည့် မတ်ပဲနှင့်ပဲစင်းငုံ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ မတ်ပဲနှင့် ပဲစင်းငုံ တင်ပို့သည့် ကိစ္စနှင့်ပတ်သက်၍ အဓိကထား ဆွေးနွေးခဲ့ကြပြီး အဆိုပါနားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံမှ နှစ်စဉ် မတ်ပဲတန်ချိန် ၂ ဒသမ ၅ သိန်းနှင့် ပဲစင်းငုံတန်ချိန် တစ်သိန်းတို့ကို ပုဂ္ဂလိကကုန်သွယ်မှုမှတစ်ဆင့် နောင်ဘဏ္ဍာနှစ် ငါးနှစ်၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ)အတွင်း အိန္ဒိယနိုင်ငံသို့ တင်ပို့သွားရမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသို့ G to G MoU အရ ပဲတင်ပို့မှု လွယ်ကူလျင်မြန်စေရေးနှင့် စနစ်တကျတင်ပို့နိုင်ရေးဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ရာ MoU အရ နှစ်နိုင်ငံ Joint Monitoring Committee အစည်းအဝေးမကျင်းပမီ နှစ်ဖက်ကြိုတင်ညှိနှိုင်းအစည်းအဝေးတစ်ခုကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းအတွင်း ကျင်းပသွားရန် အိန္ဒိယဘက်နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်သည် မြန်မာ့ပဲမျိုးစုံ တင်ပို့မှုသမိုင်းတွင် အမြင့်ဆုံးဖြင့် တန်ချိန်နှစ်သန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၅၇ ဘီလီယံရရှိခဲ့သဖြင့် ယင်းအခြေအနေကို စဉ်ဆက်မပြတ်တင်ပို့နိုင်ရန် Product Diversification နှင့် Market Diversification ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူများ၊ ပဲစိုက်ပျိုးသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့်** ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ **အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။


သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင်တော် ၂၄ နာရီ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**ဗန်းမောက် ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင်တော်တွင် ၂၄ နာရီ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါ တောင်ပေါ်တွင် ကျင်းပသည်။

ဇလုံတောင်တော်သည် ဗန်းမောက်မြို့နှင့် ၁၄ မိုင်ခန့် ကွာဝေးပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ကြသဖြင့် ဇလုံတောင်တော်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် သိန်း ၁၀၀၀ ကျော် ဖြင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ခဲ့ကြောင်း ဗန်းမောက်မြို့နယ် လျှပ်စစ်မှူးဦးမောင်တိုးက ပြောကြားသည်။



ဇလုံတောင်တော်နှင့် ဇလုံတောင်ဘုရားအား ညအချိန် ဖူးတွေ့ရစဉ်။

အဆိုပါ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားသို့ ဗန်းမောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဌေးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်း အဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဂေါပက အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**လူအောင်(ကသာ)**


## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီငါးခု ယာဉ်စီးရေ ၁၀ ၊ အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင်(အိုးခွံ) ၅၀ ၊ အိမ်သုံးအောက်ဆီဂျင်စက် Oxygen Concentrator နှစ်ခု၊ PPE ဝတ်စုံ ၃၄၄၀၊ လက်အိတ် ဝ ဒသမ ၁ တန်နှင့် နှာခေါင်းစည်း (Mask) ၅၇ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်)Bowser ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**





တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် စတီဖင် ဒူဂျာရစ် ကိုဗစ်-၁၉ ကူးစက်ခံထားရ



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် စတီဖင် ဒူဂျာရစ်။

**ဂျီနီဗာ ဒီဇင်ဘာ ၁၆**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် စတီဖင် ဒူဂျာရစ်သည် ဒီဇင်ဘာ ၁၅ ရက်က ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း အတည်ပြုခဲ့သည်။ ၎င်းသည် သီးသန့်ခွဲခြားနေထိုင်ခြင်းအားဖြင့် ဆေးဘက်ဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း အတိအကျ လိုက်နာနေထိုင်မည်ဖြစ်သည်။

အလုပ်အတွက် နေ့စဉ် ကိုဗစ်-၁၉ စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် ကုလသမဂ္ဂ ဆေးဘက်ဆိုင်ရာ အဖွဲ့နှင့် အနီးကပ်ဆက်သွယ်လျက်ရှိပြီး ဆေးဘက်ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ သီးခြားကန့်သတ်စောင့်ကြည့်မှု ပြုလုပ်လျက်ရှိကြောင်း ကုလသမဂ္ဂ သတင်းထောက်များကို ဒူဂျာရစ်က အီးမေးလ်ဖြင့် ပြောကြားခဲ့သည်။

ဒူဂျာရစ်က သူသည် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးထားရုံတင်မက အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးပါ ထိုးထားကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု သိပ်မပြင်းထန်သောကြောင့် အိမ်မှအလုပ်လုပ်ရန် စီစဉ်ထားကြောင်း ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အပေါ် သတိမပြတ် ထားနေသည့်အတွက် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်ရုံးအဖွဲ့သည် ယခုသီတင်းပတ်ကုန်အထိ ဗာကျူရယ်နည်းဖြင့် အလုပ်လုပ်သွားမည်ဖြစ်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သည် ယနေ့အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်း မရှိသေးကြောင်း ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ပြောကြားလိုက်သည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံ၌ အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူတစ်ဦးကို ပထမဆုံးတွေ့ရှိ



ဂျကာတာ၌ ကိုဗစ်-၁၉ တိုက်ဖျက်နေသော ကျန်းမာရေးဝန်ထမ်းများကို ဂုဏ်ပြုရေးဆွဲထားသည့် ပန်းချီပိုစတာတစ်ခုကို တွေ့ရစဉ်။

**ဂျကာတာ ဒီဇင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံ၌ အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူ တစ်ဦးကို ပထမဆုံး တွေ့ရှိခဲ့ကြောင်းနှင့် ကူးစက်ဖြစ်ပွားသူမှာ မြို့တော်ဂျကာတာရှိ ကိုဗစ်-၁၉ ဆေးရုံတွင် အလုပ်လုပ်နေသော သန့်ရှင်းရေးအလုပ်သမားတစ်ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီဆာဒီကင်က ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားလိုက်သည်။

အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူသည် ဖျားနာခြင်းသို့မဟုတ် ချောင်းဆိုးခြင်းစသည့် လက္ခဏာရပ်များ မပြကြောင်း ဆာဒီကင်က ဗာကျူရယ်စနစ်သုံး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ ထို့အပြင် ၎င်းသည် နိုင်ငံရပ်ခြားသို့ တစ်ခါမှ မရောက်ဖူးသူလည်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်သမားသည် ဒီဇင်ဘာ ၈ ရက်က နေ့စဉ် ကိုဗစ်-၁၉ စစ်ဆေးမှုပြုလုပ်ခဲ့ပြီး ရရှိခဲ့သော နမူနာကို ကျန်းမာရေးဝန်ကြီးဌာနသို့ ပေးပို့စစ်ဆေးရာ ဒီဇင်ဘာ ၁၅ ရက်က အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနသည် နောက်ထပ် သံသယဖြစ်ဖွယ် အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားလျက်ရှိသူ ငါးဦးကိုလည်း တွေ့ရှိထားသည်။

၎င်းတို့အား ပီစီအာရ် စမ်းသပ်စစ်ဆေးခြင်းကို ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် ထပ်မံပြီး အသေးစိတ် စမ်းသပ်စစ်ဆေးမှုများကို လုပ်ဆောင်ခဲ့ကြောင်းနှင့် နောက်ထပ်သုံးရက်အတွင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားခြင်း ရှိ မရှိဆိုသည့်ရလဒ်ကို အတည်ပြုပေးနိုင်မည်ဖြစ်ကြောင်း ဆာဒီကင်က ပြောသည်။

အင်ဒိုနီးရှား နိုင်ငံသည် ကူးစက်မြန်ပြင်းထန် ဒယ်လ်တာမျိုးကွဲ ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ စတင်ခဲ့သော ကိုဗစ်-၁၉ ဒုတိယလှိုင်းကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၉၇၄ ဦးရှိ

**နယူးဒေလီ ဒီဇင်ဘာ ၁၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၉၇၄ ဦး ရှိလာသောကြောင့် ဒီဇင်ဘာ ၁၆ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၇၁၈၆၀၂ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၄၃ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၇၆၄၇၈ ဦးအထိ ရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံ၌ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၈၇၂၄၅ ဦးရှိပြီး လွန်ခဲ့သော ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၃၁၇ ဦးလျော့နည်းခဲ့သည်။ ၂၀၂၀ ခုနှစ် မတ်လမှစကာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် အနည်းဆုံးဖြစ်ခဲ့သည်။

တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုအများဆုံးမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်မှဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ ၇၉၄၈ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၃၄၁၅၄၈၇၉ ဦးရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# အမေရိကန်အလယ်ပိုင်း ပြည်နယ်ခြောက်ခု၌ လေဆင်နှာမောင်းတိုက်ခတ်မှု လူ ၉၀ ထက်မနည်းသေဆုံးပြီး ၁၀၀ ကျော်ပျောက်ဆုံး

**ဝါရှင်တန်ဒီစီ ဒီဇင်ဘာ ၁၆**

အမေရိကန်အလယ်ပိုင်း ပြည်နယ်ခြောက်ခုရှိ ဒေသအတော်များများတွင် လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ လူ ၉၀ ထက်မနည်း သေဆုံးခဲ့ကြောင်းနှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် သဘာဝဘေးအန္တရာယ် ခံစားနေရသော ဒုက္ခသည်များနှင့် တွေ့ဆုံခဲ့ကြောင်း နိုင်ငံတကာသတင်းတွင် ဖော်ပြထားသည်။



ကန်တက်ကီပြည်နယ်၌ လေဆင်နှာမောင်းကြောင့် ပျက်စီးသွားသော အပျက်အစီးများကို ရှင်းလင်းဖယ်ရှားနေသော အလုပ်သမားများကို တွေ့ရစဉ်။

လေဆင်နှာမောင်း တိုက်ခတ်ခဲ့ရာ အာကန်ဆော၊ အီလီနွိုက်၊ မစ်ဆောရီ၊ မစ္စစ္စပီ၊ တန်နက်ဆီတို့နှင့် နှိုင်းယှဉ်ကြည့်လျှင် ကန်တက်ကီသည် လေဆင်နှာမောင်းတိုက်ခတ်မှုကို အဆိုးဆုံး ခံစားခဲ့ရသော ပြည်နယ်တစ်ခုဖြစ်ပြီး သေဆုံးသူ ၈၀ ကျော်အထိရှိခဲ့ပြီး ပျောက်ဆုံးသူ ၁၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် အီလီနွိုက်ရှိ အက်ဝက်ဒ်ဗီလီတွင် လုံခြုံရေးနှင့် ကျန်းမာရေး အာဏာပိုင်များက လေဆင်နှာမောင်းကြောင့် အမေဇုန် ကုန်လှောင်ရုံပြိုကျမှုကို စစ်ဆေးလျက်ရှိသည်။ အဆိုပါဒေသတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အမေဇုန်အလုပ်သမား ခြောက်ဦး သေဆုံးခဲ့သည်။

ထို့အပြင် ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ဖြစ်ပွားခဲ့သော လူသေဆုံး နိုင်လောက်သည့် လေဆင်နှာမောင်း တိုက်ခတ်မှုသည် Great Plains ဒေသတွင် အားပျော့သွားနိုင်သည့် လက္ခဏာတစ်ခု ဖြစ်လာနိုင်ကြောင်း စီဘီအက်စ်က ဒီဇင်ဘာ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံ လူဦးရေ၏ ၇၈ ဒသမ ၂ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးပြီဖြစ်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၆**

မလေးရှားနိုင်ငံ၌ ဒီဇင်ဘာ ၁၅ ရက် ညသန်းခေါင်အချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၉၀၀ တိုးလာသောကြောင့် နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၇၀၃၃၄၀ အထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၉ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၃၈၈၁ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

နောက်ထပ် ၃၃ ဦး ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၀၉၈၉ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာပြီး ဆေးရုံမှ ဆင်းလာသူ ၄၅၅၂ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၂၆၁၅၁၆၂ ဦး ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၅၆၉၈၉ ဦးအနက် ၃၈၄ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၂၁၃ ဦးမှာ အသက်ရှူအထောက်အကူ ကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၁၅ ရက်တစ်ရက်တည်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၁၆၈၇၁၆ ဦးရှိခဲ့ရာ လူဦးရေ၏ ၇၉ ဒသမ ၅ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းသိရကာ ၇၈ ဒသမ ၂ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးပြီဖြစ်သည်။

ဆင်ဟွာ

# အိုမီခရွန်ကပ်ဘေးကလွတ်မြောက်ပြီး ကမ္ဘာကြီးကိုကယ်တင်ဖို့ ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးကြစို့

ထွန်းကျော်

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ အပြီးတိုင် မချုပ်ငြိမ်းခင်မှာ နောက်ထပ် ကိုဗစ်-၁၉ ဗီဇပြောင်း မျိုးစိတ်သစ်တစ်ခုဖြစ်တဲ့ အိုမီခရွန် ကူးစက်ဖြစ်ပွားမှုတွေ အရှိန်အဟုန်နဲ့ ထပ်မံကူးစက်ဖြစ်ပွားလာပါတယ်။ ဒီလိုကူးစက်ဖြစ်ပွားမှုတွေဟာ ဥရောပမှာ သာမက အခုဆိုရင် အာရှ၊ အရှေ့တောင်အာရှပါမကျန် နိုင်ငံနဲ့ဒေသပေါင်း အတော်များများကို ရိုက်ခတ်လာပြီဖြစ်ပါတယ်။



(၇၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဥက္ကဋ္ဌ အဗ္ဗဒူလာရှာဟစ် မိန့်ခွန်းပြောကြားစဉ်။

### ကမ္ဘာကြီးကို ကာကွယ်ဆေးထိုးမယ်

(၇၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌဖြစ်တဲ့ အဗ္ဗဒူလာရှာဟစ်က နှစ်သစ်အတွက် သူ့ရဲ့ပထမဆုံး ရည်မှန်းချက်ကတော့ ကမ္ဘာကြီးတစ်ခုလုံးကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးဖို့ပဲဖြစ်တယ်လို့ ပြောကြားလိုက်ပါတယ်။ ထို့အတူ ကိုဗစ်- ၁၉ ကာကွယ်ဆေး ဖြန့်ဝေပေးရာမှာ သာတူညီမျှဖြစ်ဖို့ကိုလည်း အလေးထားပြောကြားထားပါတယ်။ ဒါမှသာအစောပိုင်းရက်တွေကလို ကမ္ဘာကြီး ပုံမှန်အနေအထားအတိုင်းပြန်လည်ရောက်ရှိမှာ ဖြစ်တယ်လို့ သူက ထပ်လောင်းပြောကြားလိုက်ပါတယ်။

မိမိရဲ့ ထိပ်တန်းဦးစားပေးကိစ္စကတော့ ကာကွယ်ဆေးထိုးကြဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆင့်မြင့်အစည်းအဝေးကနေပြီးတော့ စည်းရုံးပြောကြားနေရတာ ဖြစ်ပါတယ်။ နှစ်သစ်တစ်ခုကို အကောင်းဆုံးအစပြုဖို့ဆိုရင် ကာကွယ်ဆေးထိုးခြင်းက မိမိရဲ့ ဆုံးဖြတ်ချက်ပဲ ဖြစ်ပါတယ်လို့ ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌက နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်မှာ သတင်းထောက်တွေကို သတင်းစကားဖြန့်ဝေပေးခဲ့ပါတယ်။

### ကာကွယ်ဆေးမထိုးရင် ရုန်းထွက်နိုင်မှာမဟုတ်

လွန်ခဲ့တဲ့ ဆယ်စုနှစ်အတော်များများမှစတင်ကာ မိမိရဲ့ဘဝမှာ နှစ်သစ်ကူးဆုံးဖြတ်ချက်တွေကို ချမှတ်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒီတစ်ကြိမ်မှာတော့ ပိုပြီးတော့ အကောင်းဆုံးဖြစ်မယ့် တစ်ခုကို ရွေးချယ်လိုက်ပါတယ်။ အဲဒါကတော့ ကမ္ဘာကြီးကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးဖို့ပဲ ဖြစ်ပါတယ်။ လူတိုင်း မိမိနဲ့အတူ ပါဝင်စေချင်ပါတယ်။

နိုင်ငံတကာအသိုင်းအဝိုင်းကသာလျှင် အဲဒီလိုလုပ်နိုင်တဲ့ အရည်အချင်းရှိပါတယ်။ အခုဆိုရင် အခြေအနေက အတော်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်နေရပြီဖြစ်ပါတယ်။ အဲဒါက ဘာလဲဆိုရင် မိမိတို့တွေ ကိုဗစ်- ၁၉ ကာကွယ်ဆေးမထိုးရင် ဒီထဲက ရုန်းထွက်နိုင်မှာ မဟုတ်ပါဘူးဆိုတာပဲ ဖြစ်ပါတယ်။

### အခုချိန်အထိ အောင်မြင်မှုမရသေး

ကုလသမဂ္ဂရဲ့ ဒီနှစ်အကုန်မှာ ကမ္ဘာ့လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်းနဲ့ ၂၀၂၂ ခုနှစ် နှစ်လယ်မရောက်ခင်မှာ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးနိုင်ရေး မျှော်မှန်းချက်ဟာ အခုချိန်အထိ အောင်မြင်မှု မရရှိသေးဘူးလို့ သူကပြောပါတယ်။

အာဖရိကနိုင်ငံတွေကို ပြန်ကြည့်ရင် ပျမ်းမျှကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှုန်းဟာ အများဆုံး ၅ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိပဲ ရှိတယ်လို့ သူက ပြောလိုက်ပါတယ်။ ဒီအချက်ကိုကြည့်ပြီး နေရာတိုင်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းနဲ့ပတ်သက်ပြီး ညီတူမျှတူ ဖြစ်နေပြီဆိုတာ ယုံကြည်ချက်ရှိရှိနဲ့ ပြောလို့မရနိုင်ပါဘူးလို့ သူက ထောက်ပြပြောဆိုခဲ့ပါတယ်။ ဒါကြောင့် ၁၉၃ နိုင်ငံရှိတဲ့ မိမိတို့ ကုလသမဂ္ဂကြီးရဲ့ တစ်ခုတည်းသောရည်မှန်းချက်ဟာ ကမ္ဘာကြီးကို ကာကွယ်ဆေးထိုးဖို့ပဲဖြစ်တယ်လို့ သူကပြောပါတယ်။

### ကာကွယ်ဆေးမထိုးရင် အရင်လိုပြန်ဖြစ်ဖို့မလွယ်သေး

ကမ္ဘာကြီးကို ကာကွယ်ဆေးမထိုးပေးနိုင်ရင် စီးပွားရေးနာလန်ပြန်ထူလာဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အလားတူ လူမှုရေးနဲ့ ပညာရေးတွေလည်း ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိဖို့တောင် ဖြစ်လာမှာ မဟုတ်ပါဘူး။ စိတ်ချရတဲ့အနေအထားတစ်ခုလို အရင်လို အခြေအနေတွေ ပြန်လည်ရောက်ရှိလာဖို့ မဖြစ်နိုင်သေးဘူးလို့ သူက ဆက်ပြောပါတယ်။

### ကမ္ဘာကြီးမှာ သေဆုံးနှုန်းအမြင့်ဆုံးဖြစ်

အခုဆိုရင် အမေရိကန်မှာ အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားမှုနဲ့အတူ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်ဟာ ၅၁ သန်းကျော်လာပြီး သေဆုံးသူပေါင်းဟာလည်း ရှစ်သိန်းကျော်လွန်လာခဲ့ပြီဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာကြီးမှာ ကိုဗစ်- ၁၉ နဲ့ သေဆုံးမှုနှုန်း အမြင့်ဆုံးဖြစ်တယ်ဆိုတာ ဖော်ပြနေပါတယ်။

### ဇန်နဝါရီလလယ်မရောက်ခင် အိုမီခရွန် လွှမ်းမိုးလာမယ်

အီးယူအကြီးအကဲ အာဆူလာဗွန်ဒါလီယန်က အိုမီခရွန် ဗိုင်းရပ်စ်သစ်ဟာ ဇန်နဝါရီလလယ်မရောက်ခင် ဥရောပကို လွှမ်းမိုးလာတော့မယ်လို့ သတိပေးထားပါတယ်။ နိုင်ငံပေါင်း ၂၇ နိုင်ငံကတော့ အဲဒီဗိုင်းရပ်စ်ကို တိုက်ဖျက်ဖို့ လုံလောက်တဲ့ ကာကွယ်ဆေးအနေအထားရှိတယ်လို့ ပြောပါတယ်။

ဂျာမနီ၊ စပိန်နဲ့ ဂရိအပါအဝင် ဥရောပနိုင်ငံအမြောက်အမြားမှာ ကပ်ရောဂါကို ထိန်းချုပ်ဖို့နဲ့ ကျောင်းတွေဖွင့်နိုင်ဖို့အတွက် အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ်ကလေးတွေကို ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးပေးနေပြီဖြစ်ပါတယ်။

ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်စကိုက ဂျာမနီနိုင်ငံအနေနဲ့ ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးခြင်းကို ဆန့်ကျင်နေသူတွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကာကွယ်ရဦးမယ်လို့ ပြောကြားထားပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ရဲ့ပါတီက အမတ် ၁၀၀ နီးပါးဟာလည်း ဗိုင်းရပ်စ်သစ်နဲ့ပတ်သက်တဲ့ ကန့်သတ်ချက်တွေကို ဆန့်ကျင်မဲတွေပေးခဲ့ပါတယ်။

### ကန့်သတ်ချက်တွေ တင်းကျပ်လာကြ

အီတလီနိုင်ငံကလည်း ကျန်တဲ့အီးယူနိုင်ငံက ရောက်ရှိလာသူတွေကို ကန့်သတ်ချက်တွေ တင်းကျပ်ထားပါတယ်။ လူတိုင်း ကိုဗစ်- ၁၉ စစ်ဆေးဖို့လိုအပ်ပြီး ကာကွယ်ဆေးမထိုးထားသူတွေအတွက် ငါးရက်ကြာ ကွာရန်တင်းဝင်ရမှာပဲ ဖြစ်ပါတယ်။

ဥရောပဆေးဘက်ဆိုင်ရာ အေဂျင်စီက ဂျွန်ဆင်နဲ့ဂျွန်ဆင် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အပိုဆောင်း ကိုဗစ်- ၁၉ ကာကွယ်ဆေးအဖြစ် အသုံးပြုနိုင်ကြောင်း ပြောကြားခဲ့ပါတယ်။

အိုမီခရွန်ဗိုင်းရပ်စ်သစ်ဟာ လှိုင်းအသစ်တစ်ခုလို ထပ်မံပျံ့နှံ့လာတဲ့အတွက် ဂျီးဆက်မွေးဖွားရာ ပါလက်စတိုင်းမြို့ရဲ့ ခရစ္စမတ်ကာလ ဟိုတယ်ဖွင့်လှစ်မှုတွေ အဆုံးသတ်ခဲ့ရပါတယ်။

အလားတူ အိုမီခရွန် ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူ ခြောက်ဦးတွေ့ရှိခဲ့တဲ့ ရဝမ်ဒါမှာလည်း နိုက်ကလပ်တွေကို ပိတ်ထားလိုက်ရပြီး နိုင်ငံတကာဆိုက်ရောက်သူတွေအတွက် ကွာရန်တင်းကာလကို ထပ်မံသက်တမ်းတိုးလိုက်ပါတယ်။

ကင်ညာမှာလည်း အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူ သုံးဦးတွေ့ရှိခဲ့ပါတယ်။ ဒါဟာ ကင်ညာမှာ ပထမဆုံး ဗိုင်းရပ်စ်သစ်ကို တွေ့ရှိခဲ့တာပဲဖြစ်ပါတယ်။

### သေဆုံးမှုနှုန်းတွေ နှစ်ဆ၊ သုံးဆလောက် မြင့်တက်လာဦးမယ်

၂၀၁၉ ခုနှစ်ဒီဇင်ဘာလမှစတင်ကာ တရုတ်နိုင်ငံမှာ စတင်ဖြစ်ပွားခဲ့တဲ့ ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ကြောင့် ကမ္ဘာတစ်ဝန်းမှာ သေဆုံးသူ ၅၃၂၀၄၃၁ ဦး ရှိလာခဲ့ပြီဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီး စုစုပေါင်းသေဆုံးသူ ၈၀၀၄၇၃ ဦး ရှိလာခဲ့ပါတယ်။ သူ့နောက်မှာတော့ ဘရာဇီးနိုင်ငံဟာ သေဆုံးသူ ၆၁၆၉၇၀ နဲ့ ဒုတိယနေရာမှာ ရှိနေပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ ၄၇၆၁၃၅ ဦးနဲ့ မက္ကဆီကိုမှာတော့ ၂၉၆၉၈၄ ဦး ရှိလာခဲ့ပါတယ်။

လွန်ခဲ့တဲ့သီတင်းပတ်မှာ သေဆုံးမှုအများဆုံးဖြစ်ခဲ့တဲ့ နိုင်ငံတွေကတော့ ဆွစ်ဇာလန်နိုင်ငံ၊ ပီရူးနိုင်ငံ၊ စပိန်နိုင်ငံနဲ့ အိုင်ယာလန်နိုင်ငံတို့ပဲဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကတော့ သေဆုံးမှုနှုန်းဟာ နောက်ထပ်နှစ်ဆ၊ သုံးဆလောက် ထပ်မံမြင့်တက်လာနိုင်တယ်လို့ သတိပေးခဲ့ပါတယ်။

ကမ္ဘာတစ်ဝန်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုတွေကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ဖို့ဆိုရင် (၇၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌဖြစ်တဲ့ အဗ္ဗဒူလာရှာဟစ် ပြောကြားခဲ့သလို ကမ္ဘာကြီးကို ကိုဗစ်- ၁၉ ကာကွယ်ဆေး များများထိုးပေးဖို့ပဲ လိုပါတယ်။ ။

ကိုးကား-အေအက်ဖ်ပီ၊ ဆင်ဟွာ

- **အခုဆိုရင် အမေရိကန်မှာ အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားမှုနဲ့အတူ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်ဟာ ၅၁ သန်းကျော်လာပြီး သေဆုံးသူပေါင်းဟာလည်း ရှစ်သိန်းကျော်လွန်လာခဲ့ပြီဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာကြီးမှာ ကိုဗစ်- ၁၉ နဲ့ သေဆုံးနှုန်းအမြင့်ဆုံးဖြစ်တယ်ဆိုတာ ဖော်ပြနေပါတယ်**
- **အီးယူအကြီးအကဲ အာဆူလာဗွန်ဒါလီယန်က အိုမီခရွန်ဗိုင်းရပ်စ်သစ်ဟာ ဇန်နဝါရီလလယ်မရောက်ခင် ဥရောပကို လွှမ်းမိုးလာတော့မယ်လို့ သတိပေးထားပါတယ်။ နိုင်ငံပေါင်း ၂၇ နိုင်ငံကတော့ အဲဒီဗိုင်းရပ်စ်ကို တိုက်ဖျက်ဖို့ လုံလောက်တဲ့ကာကွယ်ဆေးအနေအထားရှိတယ်လို့ ပြောပါတယ်**

# ဒီဇင်ဘာ ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁၁ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၄ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၀၁ ဦးရှိ

**ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုး နိုင်ငံပေါင်း ၈၅ နိုင်ငံ ပျံ့နှံ့**

**(၁၆–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၄၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၃၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၅၇,၉၉၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၇,၇၁၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၀၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၄,၄၈၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၀၁) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၆–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၀၇၂) ခု | (၅၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂၉) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၆) ခု | (၃) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄၂) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၆၈) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၅၉) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၄၄၈) ခု | (၁၃၃) ဦး |
| စုစုပေါင်း | (၁၅,၄၁၈) ခု | (၂၁၁) ဦး |

- ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၁၆–၁၂–၂၀၂၁) ရက်နေ့၊ နံနက် (၀၆:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၈၅) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကြောင်း သိရှိရပြီး အာဖရိက နိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြု တွေ့ရှိရပြီး ဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ ဒေသတွင်း နိုင်ငံများဖြစ်သော ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နီပေါနိုင်ငံနှင့် မော်လ်ဒိုက်နိုင်ငံတို့တွင်လည်း တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့် ပတ်သက်၍ အလွန် အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်း စည်းကမ်းများကိုလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေး ဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုး နှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ် ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်း များကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၁၆- ၁၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၁၂၉၀၉၇၉ | ၄၀၃၄၃၅၆၁ | ၈၂၃၃၉၀ |
| ၂။ | အိန္ဒိယ | ၃၄၇၁၈၆၆၉ | ၃၄၁၅၄၈၇၉ | ၄၇၆၄၇၈ |
| ၃။ | ဘရာဇီး | ၂၂၂၀၁၂၂၁ | ၂၁၄၁၄၃၁၈ | ၆၁၇၃၄၈ |
| ၄။ | ဗြိတိန် | ၁၁၀၁၀၂၈၆ | ၉၆၁၇၉၄၁ | ၁၄၆၇၉၁ |
| ၅။ | ရုရှား | ၁၀၁၃၁၆၄၆ | ၈၈၇၆၇၈၈ | ၂၉၄၀၂၄ |
| ၆။ | တူရကီ | ၉၁၀၀၃၂၄ | ၈၆၈၇၂၆၅ | ၇၉၆၉၆ |
| ၇။ | ပြင်သစ် | ၈၃၉၉၈၄၆ | ၇၃၉၅၇၆၃ | ၁၂၀၉၈၃ |
| ၈။ | ဂျာမနီ | ၆၆၅၆၁၆၁ | ၅၆၁၈၆၀၀ | ၁၀၇၆၇၅ |
| ၉။ | အီရန် | ၆၁၆၂၉၅၄ | ၅၉၈၅၇၃၅ | ၁၃၀၈၈၃ |
| ၁၀။ | စပိန် | ၅၃၉၃၂၆၈ | ၄၉၆၁၈၈၀ | ၈၈၆၁၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

**၁၆ – ၁၂ – ၂၀၂၁**

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၉၈၅၇ | ၄၁၁၁၀၄၅ | ၁၄၃၉၇၉ |
| ဖိလစ်ပိုင် | ၂၈၃၇၀၁၆ | ၂၇၇၆၄၂၅ | ၅၀၄၉၆ |
| မလေးရှား | ၂၇၀၃၁၄၀ | ၂၆၁၅၁၆၂ | ၃၀၉၈၉ |
| ထိုင်း | ၂၁၈၁၉၆၀ | ၂၁၁၅၂၃၂ | ၂၁၂၈၄ |
| ဗီယက်နမ် | ၁၄၅၉၁၇၅ | ၁၀၆၃၄၂၈ | ၂၈၆၁၆ |
| မြန်မာ | ၅၂၇၇၁၄ | ၅၀၄၄၈၂ | ၁၉၂၀၁ |
| စင်ကာပူ | ၂၇၄၆၁၇ | ၂၆၈၉၃၆ | ၈၀၇ |
| ကမ္ဘောဒီးယား | ၁၂၀၃၉၇ | ၁၁၆၇၅၉ | ၂၉၉၈ |
| လာအို | ၉၄၅၅၄ | ၈၂၀၆၄ | ၂၆၂ |
| ဘရူနိုင်း | ၁၅၃၇၆ | ၁၅၀၈၈ | ၉၈ |

# ကျေးလက်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသော အခြေခံအုတ်မြစ်ဖြစ်သည့် "ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်"

ခန့်ဇော် (ကျေးလက်)

**"ကျေးလက်ဒေသဖွံ့ဖြိုးရေး"ဟု ဆိုရာတွင် ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ စီမံအုပ်ချုပ်မှုနှင့် ယဉ်ကျေးမှုအပြောင်းအလဲများကို ဖော်ဆောင်ပေးခြင်း၊ လိုအပ်သော အခြေခံအဆောက်အအုံများ ပံ့ပိုးမြှင့်တင်ပေးခြင်း၊ ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် လယ်ယာထွက်ကုန်များ တိုးပွားလာစေခြင်း စသည်တို့ကို ၎င်းတို့ကိုယ်တိုင် ကိုယ်ထူကိုယ်ထစွမ်းအားဖြင့် တက်ကြွစွာပူးပေါင်းပါဝင်မှုနှင့်အတူ မှီခိုမှုကင်းသော၊ ညီမျှမှုရှိသောနှင့် အကျိုးအမြတ်ရှိသော ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖော်ဆောင်ခြင်းပင် ဖြစ်ပါသည်။ ထိုသို့ ဖော်ဆောင်ရာတွင် သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူတို့၏ အမှန်တကယ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ကျေးလက်လူမှုစီးပွားဘဝများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဆန်းသစ်ပြီး ထိရောက်သော နည်းလမ်းကို ရှာဖွေရန် အရေးကြီးလှပါသည်။**

မြန်မာနိုင်ငံတွင် လူဦးရေ ၅၄ သန်းခန့်ရှိရာ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်သူများဖြစ်ပြီး လူဦးရေ၏ ၃၀ ဒသမ ၂ ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးမှုအောက်တွင် ရောက်ရှိနေပြီး အများဆုံးခံစားရသည့် ဒေသများမှာ ကျေးလက်ဒေသများဖြစ်ပါသည်။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်စေရေးအတွက် ထိရောက်သောနည်းလမ်း အသုံးပြု၍ **မြို့ပြနှင့်ကျေးလက်ဒေသများကြား ကွာဟချက်ကျဉ်းမြောင်းစေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရန်အတွက်** တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်ရည်မှန်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် (Rural Development Strategic Framework) ကို ရေးဆွဲခဲ့ပါသည်။

"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ" ကို ၂၀၁၁ ခုနှစ် မေလတွင် ကျင်းပခဲ့ပါသည်။ ယင်းဆွေးနွေးပွဲမှ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးနှင့် အစိုးရဌာနများက ဆင်းရဲနွမ်းပါးမှုကျဆင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်(၈)ရပ်ကို ချမှတ်ပေးနိုင်ခဲ့ပြီး ယင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ"၊ ဒုတိယသမ္မတက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ"၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဏ္ဍအလိုက် အထောက်အကူပြုကော်မတီများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဒေသဆိုင်ရာကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီများကို ဖွဲ့စည်းလျက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပင်မဆက်သွယ်ရာဝန်ကြီးဌာနအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ရန် "မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန" ကို "မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန" အဖြစ် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ လ ၃၀ စီမံချက်ရေးဆွဲ၍ ပြည်သူဗဟိုပြုသော ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမြောက် စီမံကိန်းများရေးဆွဲနိုင်ရေးအတွက် လိုအပ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်အား အလှူရှင်အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs)၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO)နှင့် ပညာရှင်များ ပူးပေါင်းပါဝင်ဆွေးနွေးစေလျက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေးဆွဲအကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

## မဟာဗျူဟာမျှော်မှန်းချက်

ထောင်စုနှစ်ရည်မှန်းချက်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ရည်မှန်းချက်များနှင့်အညီ ကျေးလက်ဒေသများဖွံ့ဖြိုးလာမှုနှင့်အတူ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမြင့်မားစေရန်နှင့် မြို့ပြကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းလာစေရန် မျှော်မှန်းပါသည်။

## ရည်ရွယ်ချက်

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ရေးဆွဲဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော ပြည်သူလူထုကို အခြေပြုပြီး ဆင်းရဲမှုနှုန်းအား ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာ၌ သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်လျက် ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးရေး (Inclusive and Sustainable Development) ကို ဖော်ဆောင်နိုင်ရန်၊

(ခ) ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်လာစေရန် လူထုအခြေပြုအဖွဲ့အစည်းများ အားကောင်းလာစေရန်နှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်များ ဖြစ်ပေါ်လာစေရန်၊

(ဂ) မမျှော်မှန်းနိုင်သောဘေးအန္တရာယ်များကျရောက်လာပါက ကျေးလက်ဒေသများ၌ ထိခိုက်မှုလျော့ပါးစေရန်နှင့် တုံ့ပြန်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ပါသည်။

## ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင် ရေးဆွဲနိုင်ရေး ဆွေးနွေးညှိနှိုင်းမှုများ

ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင် ရေးဆွဲနိုင်ရေးအတွက် အကြံပေးညှိနှိုင်းအစည်းအဝေးပွဲများဖြစ်သည့် သားငါးကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ၊ မဟာဗျူဟာရေးဆွဲနိုင်ရေး ပထမအကြိမ်နှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲများနှင့် မဟာဗျူဟာမူဘောင်ရေးဆွဲရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ(INGO)၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ(DP)နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၁၇-၈-၂၀၁၃ ရက်နေ့မှ ၂၆-၁၀-၂၀၁၃ ရက်နေ့အထိ ရန်ကုန်မြို့ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးစင်တာ (MPC)နှင့် နေပြည်တော်ဝန်ကြီးဌာနအစည်းအဝေးခန်းမတို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

## Task Force အဖွဲ့ ဖွဲ့စည်းခြင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင် ရေးဆွဲနိုင်ရေး ဒုတိယအကြိမ်တွေ့ဆုံ ဆွေးနွေးပွဲအရ မဟာဗျူဟာရေးဆွဲရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်နိုင်ရန် Task Force အဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ Task force အဖွဲ့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြစ်သည့် ဦးတင်မောင်သန်း၊ ဦးဝင်းမျိုးသူ၊ ဦးဘော်ဘီ၊ ဦးကျော်ရင်လှိုင်၊ ဦးတင်ထွဋ်ဦး၊ ဦးအောင်နိုင်ဦး၊ ဦးတင်အောင်မိုး၊ ဒေါက်တာကျော်ဆန်းဦး၊ ဦးခန့်ဇော်တို့ဖြင့် အဖွဲ့ဝင်ကိုးဦး ပါဝင်ဖွဲ့စည်းခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ရေးဆွဲရေးလုပ်ငန်းများအား စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့နောက် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးများကို ၆-၁၂-၂၀၁၃ ရက်နေ့မှ ၁၇-၂-၂၀၁၄ ရက်နေ့အထိ ရန်ကုန်မြို့ MPC ခန်းမနှင့် နေပြည်တော် ဝန်ကြီးဌာန အစည်းအဝေးခန်းမတို့တွင် သက်ဆိုင်ရာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးဖော်ထုတ်ချက်များအရ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေးအတွက် သတင်းစာမှဖိတ်ခေါ်ခဲ့ပြီး အဖွဲ့ပေါင်း ၂၀၀ ခန့်အား အကြောင်းကြားစာပေးပို့ခဲ့ပါသည်။ World Bank၊ LIFT Fund၊ USAID တို့က ဦးဆောင်၍ DP/ UN အဖွဲ့ ၂၀ ၊ INGO လေးဖွဲ့၊ NGO/ CSO ခြောက်ဖွဲ့၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း NGO ကိုယ်စားပြုအဖွဲ့ တစ်ဖွဲ့နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားပြုအဖွဲ့ တစ်ဖွဲ့တို့ဖြင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

## အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင် အလုပ်ရုံဆွေးနွေးပွဲ

၁၈-၁၁-၂၀၁၃ ရက်နေ့တွင် အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်အလုပ်ရုံဆွေးနွေးပွဲကို MICC နေပြည်တော်၌ ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြပါသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြပါသည်။

## နိုင်ငံတော်အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပညာရှင်များ၏ မိန့်ခွန်းများမှ ကောက်နုတ်ချက်များ

နိုင်ငံတော်သမ္မတကြီးက "မိမိတို့နိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုနှုန်းထားဟာ ဒေသတွင်း နိုင်ငံတွေနဲ့နှိုင်းယှဉ်လျှင် မြင့်မားနေဆဲဖြစ်ပြီး ဝင်ငွေနည်းတဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘက်စုံ တိုးတက်လာရေးဟာ မိမိတို့အစိုးရအဖွဲ့ရဲ့ ဦးစားပေးလုပ်ငန်းတာဝန်တစ်ရပ်ပဲ ဖြစ်ပါကြောင်း"၊

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၃)၊ ပြည်ထောင်စုဝန်ကြီးက "ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းဖန်တီးပေးရေးဖြစ်ကြောင်း၊

*စာမျက်နှာ ၁၇ သို့*

**❋ မဟာဗျူဟာပါ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်းများဖောက်လုပ်ခြင်း၊ ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေး၊ လူထုအခြေပြုစီမံကိန်းများ၊ မြစိမ်းရောင်ကျေးရွာလည်ပတ်ရန်ပုံငွေစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်နှင့်အညီ အစိုးရအဆက်ဆက်မှစ၍ ယနေ့တိုင် ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၁၆ မှ*

INGOs နှင့် NGOs များ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ Farmer Economy မှ Market Economy ရောက်ရှိအောင် ဆောင်ရွက်နေပါကြောင်း"၊

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၄)၊ ပြည်ထောင်စုဝန်ကြီးက "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ဆင်းရဲမှုလျှော့ချရေးနှင့် ပညာရည်မြင့်မားရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့ကို အားလုံးပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှု ရရှိမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမရရှိဘဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေး၍ မရနိုင်သဖြင့် ငြိမ်းချမ်းရေး ရရှိရန် အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း"၊

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက "နိုင်ငံရေးတိုးတက်မှုများနှင့် လိုက်လျောညီထွေဖြစ်မယ့် စီးပွားရေး၊ လူမှုရေးအပြောင်းအလဲများ ဖြစ်ပေါ်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကိစ္စရပ်များ အထူးဆောင်ရွက်နေသည့် INGOs၊ LNGOs များနှင့် လက်တွဲသွားမည်ဖြစ်ပါကြောင်း၊ နည်းဗျူဟာဆိုင်ရာလုပ်ငန်းစဉ်များကို မျှတအောင် လုပ်ဆောင်သွားမှာ ဖြစ်သည့်အတွက် NGOs၊ အဖွဲ့အစည်းအသီးသီးနှင့် ပုဂ္ဂလိကဆိုင်ရာ အဖွဲ့အစည်းများအားလုံး မိမိတို့ ဝန်ကြီးဌာနနှင့် လက်တွဲလုပ်ဆောင်သွားရန် တိုက်တွန်းပါကြောင်း" ပြောကြားခဲ့ကြပါသည်။

၁၈-၁၁-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်အလုပ်ရုံဆွေးနွေးပွဲ၌ အမျိုးသားလူမှုရေးနှင့် စီးပွားရေးအကြံပေးကောင်စီမှ ဦးတင်ထွဋ်ဦးက "မဟာဗျူဟာအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု" အကြောင်းကိုလည်းကောင်း၊ Myanmar Peace center မှ ဦးတင်အောင်မိုးက "ကောင်းမွန်သော စီမံအုပ်ချုပ်မှု" ကိုလည်းကောင်း၊ LIFT Donor Consortium and Head of USAID ဖြစ်သူ Chris Miligan က "ရေရှည်တံ့တည့်သော ဘဏ္ဍာငွေအရင်းအမြစ်ထူထောင်မှု" အကြောင်းကို လည်းကောင်း၊ Myanmar Development Resource Institute မှ Senior Research Coordinator ဖြစ်သူ ဦးသန်းထွန်းက "စွမ်းဆောင်ရည်မြှင့်တင်မှု" အကြောင်းကိုလည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ရေးဆွဲရာတွင် နိုင်ငံတော်အကြီးအကဲများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာရှိကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ INGOs၊ NGOs၊ ပြည်တွင်း/ ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြင့် ဆွေးနွေးတိုင်ပင်၍ အကြံပေးညှိနှိုင်းအစည်းအဝေး ခုနစ်ကြိမ်၊ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ တစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီးနောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်နှင့် အဂ္ဂမဟာ ဗျူဟာငါးရပ်ကို အောက်ပါအတိုင်း ရေးဆွဲချမှတ်နိုင်ခဲ့ပါသည်။

**(က) မဟာဗျူဟာ (၁)။** ဦးစားပေးရွေးချယ်၍ ဘက်ပေါင်းစုံ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေး မဟာဗျူဟာ၊

**(ခ) မဟာဗျူဟာ (၂)။** ထပ်ပေါင်းနှင့်ထပ်ပွား ဖွံ့ဖြိုးရေးရလဒ်များ ဖြစ်ထွန်းတိုးတက်ရေး မဟာဗျူဟာ၊

**(ဂ) မဟာဗျူဟာ(၃)။** ကောင်းမွန်သောကျေးလက်ဖွံ့ဖြိုးရေး စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ချမှတ်ဆောင်ရွက်သွားရန် မဟာဗျူဟာ၊

**(ဃ) မဟာဗျူဟာ(၄)။** စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ်များရရှိရေး မဟာဗျူဟာ၊

**(င) မဟာဗျူဟာ(၅)။** ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး မဟာဗျူဟာ။

**(၁) ဦးစားပေးစီမံဆောင်ရွက်ခြင်းမဟာဗျူဟာ**

စီမံကိန်း စီမံချက်များ၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဦးစားပေးရွေးချယ်ရာ၌ ပိုမိုအကျိုးရှိထိရောက်စေရန်အတွက် ဦးစားပေးရွေးချယ်ရေးမူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) ဦးစားပေးဒေသရွေးချယ်ရေးမူ**

(၁) ဖွံ့ဖြိုးရေးလိုအပ်ချက်အရရွေးချယ်သောမူ၊

(၂) အကျိုးခံစားမှုအမြင့်ဆုံးကို အလေးထား၍ရွေးချယ်သောမူ၊

(၃) အကောင်အထည်ဖော် လက်တွေ့ဆောင်ရွက်နိုင်မှု အခြေခံမူ

(၄) ဆင့်ကဲဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ်အတွက် မြင်သာနိုင်မှုရှိခြင်းအခြေခံမူ

**(၂) ထပ်ပေါင်းနှင့်ထပ်ပွား ဖွံ့ဖြိုးရေးရလဒ်များ ဖြစ်ထွန်းတိုးတက်ရေး မဟာဗျူဟာ**

ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ရာ၌ ပိုမိုထိရောက် အကျိုးရှိစေနိုင်ရန် ပြည်ထောင်စုအဆင့်နှင့် ဒေသန္တရအဆင့်ဆင့်တို့တွင် အကောင်အထည်ဖော်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ မဟာဗျူဟာမူဘောင်တွင် စံနမူနာအနေဖြင့် (၁)ကိုယ်ထူကိုယ်ထ ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်နှင့် (၂)ဘက်စုံဒေသန္တရဖွံ့ဖြိုးရေးစီမံချက် နှစ်မျိုးကိုရေးဆွဲ၍ ဟန်ချက်ညီညီ ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါသည်-

(က) **ပြည်သူများ တိုက်ရိုက်ရေးဆွဲ အကောင်အထည်ဖော်သော ကိုယ်ထူကိုယ်ထ ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်** (ကျေးလက်ပြည်သူများကိုယ်တိုင် မိမိလိုအပ်ချက်ကိုဖော်ထုတ်၍ ဖွံ့ဖြိုးရေးအကူအညီဖြင့် ကျေးရွာအဆင့်၌ ပြည်သူများတိုက်ရိုက် အကောင်အထည်ဖော် စီမံခန့်ခွဲသောစီမံချက်ကို ဆိုလိုခြင်းဖြစ်ပါတယ်။)

(ခ) ကျေးရွာအဆင့် အကောင်အထည်ဖော်ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို နည်းပညာအရ အကူအညီပေးခြင်း၊ စီမံခန့်ခွဲမှုအရ ထိန်းကျောင်းထောက်ပံ့ပေးခြင်း၊ တိုးတက်မှုများကို စောင့်ကြည့်အကြံဉာဏ်ပေးခြင်းများကို သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှသော်လည်းကောင်း၊ မိတ်ဖက်ပြည်တွင်းပြည်ပ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှသော်လည်းကောင်း ပံ့ပိုးဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ဂ) **ကျေးလက်အထောက်အကူပြု ဘက်စုံဗဟိုနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး ဒေသန္တရ စီမံကိန်းရေးဆွဲခြင်း** (၁)ကျေးရွာအဆင့် ဝင်ငွေတိုးလုပ်ငန်းများသည် ဒေသအတွင်းဈေးကွက်အချက်အချာကျ၍ စီးပွားရေးကျောထောက်နောက်ခံ တောင့်တင်းသောနေရာများနှင့် ချိတ်ဆက်ဖြစ်ပေါ်တိုးတက်ရန် လိုအပ်ခြင်း။ (၂) ကျေးရွာအဆင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်သော အရည်အသွေးဖြင့် စီမံခန့်ခွဲမှု ဝန်ဆောင်ပံ့ပိုးမှုများနှင့် ချိတ်ဆက်ပေးရန်လိုအပ်ခြင်း။ (၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြေယာစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ပထဝီဝင်အနေအထား ဆက်စပ်မှုအလိုက် အပြည့်အဝအကောင်အထည်ဖော်မှသာ ကျေးရွာအဆင့်လုပ်ငန်းများ ပိုမိုထိရောက် အကျိုးရှိနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ကျေးလက်အထောက်အကူပြု ဒေသန္တရစီမံကိန်းများကို သင့်တော်သလိုရွေးချယ်ဖော်ထုတ် ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

**(၃) ကောင်းမွန်သော ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ် အခြေခံကောင်းများ ချမှတ်ဆောင်ရွက်သွားရန် မဟာဗျူဟာ**

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကောင်းမွန်သော စီမံအုပ်ချုပ်လုပ်ကိုင်မှု (၈)ရပ်

(က) တာဝန်ခံမှု၊ တာဝန်ယူမှု (Accountability)

(ခ) ပွင့်လင်းမြင်သာမှုရှိခြင်း (Transparency)

(ဂ) ပြည်သူ့လုပ်ငန်းစစ်နှင့် လူထုစာရင်းစစ် နည်းလမ်းများ ကျင့်သုံးခြင်း

(ဃ) ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း (People Participation)-(၁) ပြည်သူလူထု ပူးပေါင်းပါဝင်သော စီမံကိန်းများရေးဆွဲခြင်း (Participatory Planning)၊ (၂)လူထုမျက်နှာစုံညီ တွေ့ဆုံညှိနှိုင်းပွဲများ ပုံမှန်ကျင်းပခြင်း (Bi- Annual Development Forum)၊ (၃)လူထုပါဝင်သော စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးခြင်းနည်းစနစ် လက်ခံကျင့်သုံးခြင်း

(င) ထိရောက်မှုနှင့် အကျိုးရှိစွာ ဆောင်ရွက်နိုင်မှုစွမ်းဆောင်ရည်မြင့်မားခြင်း - (၁) စီမံကိန်းအညွှန်းကိန်းများပြုစု၍ တိုးတက်မှုကို စောင့်ကြည့်စီမံခန့်ခွဲခြင်း၊ (၂) ဆုံးရှုံးနစ်နာနိုင်မှုများကို စီမံခန့်ခွဲခြင်း၊ (၃) စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ (၄) စံချိန်စံညွှန်းများသတ်မှတ်ကာ ထိန်းကျောင်းခြင်း

(စ) သာတူညီမျှရှိမှု (Equity)

(ဆ) ဥပဒေစိုးမိုးရေး (Rule of Law)

(ဇ) တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိမှု (Responsiveness)

**(၄) စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ်ရရှိရေး မဟာဗျူဟာ**

ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ကူညီဆောင်ရွက်ရာ၌ ဘဏ္ဍာရေးအရင်းအမြစ် လိုအပ်မှုကြီးမားသလို စဉ်ဆက်မပြတ် ပုံမှန်ရရှိသွားရန်လည်း အရေးကြီးပါသည်။ တစ်ကြိမ်တစ်ခါတည်း နိုင်ငံတော်မှ ပံ့ပိုးပေးရုံဖြင့် ပြီးစီးအောင် ဆောင်ရွက်ရမည့် လုပ်ငန်းမျိုး မဟုတ်ပေ။ သို့ဖြစ်ပါ၍ စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ်ရရှိရေး မဟာဗျူဟာအနေဖြင့် ဒေသအလိုက် ကောက်ယူရရှိသော အခွန်ပမာဏငွေကို အခြေပြု၍ နိုင်ငံတော်မှ နှစ်စဉ်ပံ့ပိုးခြင်းဖြင့်လည်းကောင်း၊ ပြည်တွင်းပြည်ပ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့်ပုဂ္ဂလိကကဏ္ဍတို့မှ စိတ်ဝင်စားမှုလုပ်ငန်းအလိုက် ပူးပေါင်းထည့်ဝင်မှုများဖြင့်လည်းကောင်း၊ ပြည်သူ့ထည့်ဝင်ငွေများဖြင့်လည်းကောင်း၊ ကျေးလက်ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဖွံ့ဖြိုးရေးရန်ပုံငွေကို မြို့နယ်အဆင့်နှင့် သက်ဆိုင်ရာခရိုင်၊ ဒေသအဆင့်အလိုက် တည်ထောင်သွားရန် ဖြစ်ပါသည်။ ဒေသခံများအနေဖြင့် မိမိတို့ထမ်းဆောင်ရတဲ့ အခွန်ဘဏ္ဍာငွေများကို ၎င်းတို့ ဖွံ့ဖြိုးရေးအတွက် တိုက်ရိုက်ပြန်လည်အသုံးပြုသည်ကို သိရှိလာသည်နှင့်အညီ အခွန်တာဝန်ကျေထမ်းလိုစိတ် မြင့်မားလာမည်ဖြစ်ပြီး ဖွံ့ဖြိုးရေးရန်ပုံငွေရရှိနိုင်မှုပမာဏသည်လည်း ရေရှည်တွင် မြင့်မားလာမှာဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေကို မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ဒေသန္တရဖွံ့ဖြိုးရေးရန်ပုံငွေဟူ၍ နှစ်မျိုးနှစ်စား ခွဲခြား၍ တည်ထောင်ထားရှိသွားရန် ဖြစ်ပါသည်။

**(၅) ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေး မဟာဗျူဟာ**

ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အောင်မြင်စွာ လုပ်ဆောင်နိုင်ရန်အတွက် စိန်ခေါ်မှုများစွာရှိပါသည်။ ဝေးလံခေါင်းပါးသောဒေသရှိ ကျေးလက်နေ ဆင်းရဲ နွမ်းပါးသူများထံ ရောက်ရှိအောင်သွားလာ၍ ၎င်းတို့သဘောပေါက် နားလည်လာအောင် စည်းရုံးလှေ့ကျင့်ပညာပေးကာ သင့်တော်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းအကောင်အထည်ဖော် လုပ်ဆောင်ရမည့် ပြည်သူ့ဗဟိုပြု ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရတစ်ခုတည်းက တာဝန်ယူဆောင်ရွက်သွားသည်ထက် ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများကပါ အစိုးရဌာနဆိုင်ရာများနှင့် လက်တွဲ၍ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှသာ အောင်မြင်နိုင်မှု အခွင့်အလမ်း ပိုမိုများပြားပေမည်။ သို့ဖြစ်ပါ၍ အကျိုးတူ စိတ်ပါဝင်စားသူအားလုံးက ထိရောက်စွာ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စနစ်တစ်ခုကို အောက်ပါအတိုင်း ဖော်ဆောင်သွားရန် ဖြစ်ပါသည် -

(က) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ (Consortium of Development Partner) များ ဖွဲ့စည်း ခြင်း။ (အစိုးရဌာနဆိုင်ရာအချင်းချင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ INGOs များ၊ NGOs များ၊ ပြည်သူများ၊ ပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)

(ခ) ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းညှိနှိုင်း အစည်းအဝေးများ ကျင်းပခြင်း။

**မဟာဗျူဟာအကောင်အထည်ဖော်ခြင်း**

မဟာဗျူဟာပါ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်းများဖောက်လုပ်ခြင်း၊ ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေး၊ လူထုအခြေပြုစီမံကိန်းများ၊ မြစိမ်းရောင်ကျေးရွာလည်ပတ်ရန်ပုံငွေစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး စီမံကိန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်နှင့်အညီ အစိုးရအဆက်ဆက်မှစ၍ ယနေ့တိုင် ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးစင်တာ (MPC)မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်နေသလို မဟာဗျူဟာမူဘောင်ကိုလည်း MPC မှာ စတင်ဆွေးနွေးခဲ့တာဖြစ်လို့ ကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ဟာ ငြိမ်းချမ်းရေး ဖြစ်စဉ်များနှင့်အတူ မွေးဖွားလာခဲ့တာ ဖြစ်ပါသည်။ ငြိမ်းချမ်းမှ ဖွံ့ဖြိုးမယ်၊ ဖွံ့ဖြိုးမှငြိမ်းချမ်းမယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် ဖြစ်မြောက်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ လမ်းညွှန်ပေးသူများ၊ ပူးပေါင်းပါဝင်ခဲ့ကြသူများ၊ အဖွဲ့အစည်းအသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကားချက် - ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင်စာအုပ် (RDSF)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

**❐ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။


၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**ဒီဇင်ဘာ ၁၈ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်တွင်** လောဘနည်း၍ သူတစ်ပါးအပေါ် စိတ်ကောင်းစေတနာထားပါက မိမိတွင်လည်း ကောင်းမွန်သော အကျိုးရလဒ်များ ရရှိနိုင်ပုံကို တင်ဆက်ထားသည့် "ရွှေကျီးလေးနှင့် ဖြူဖြူ" မျက်နှာဖုံးကာတွန်း၊ **နို့တိုက်သတ္တဝါတစ်မျိုးဖြစ်သည့် လင်းပိုင်အကြောင်းကို တင်ဆက်**ထားသည့် "လင်းပိုင်အကြောင်း သိကောင်းစရာ" သုတဆောင်းပါး၊ မည်သည့်ကိစ္စမဆိုဆောင်ရွက်ရာ၌ ၎င်းနှင့် သက်ဆိုင်သည့် သဘောသဘာဝများကို လေ့လာသိရှိထားရမည်ဖြစ်ကြောင်းကို တင်ဆက်ထားသည့် "သူ့အထာနဲ့သူ" နှစ်မျက်နှာကာတွန်း၊ မိမိအပေါ်၌ သူတစ်ပါးကကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိက စိတ်ကောင်းစေတနာထားကာ ဆောင်ရွက်ပေးသင့်ပုံအကြောင်းကို တင်ဆက်ထားသည့် "လူကောင်းတစ်ယောက် ဖြစ်ချင်သူ" ပုံပြင်၊ မိတ်ဆွေကောင်းအချင်းချင်းတစ်ဦးတွင် ဒုက္ခတွေ့ပါက တစ်ဦးက မျှဝေခံစားသင့်ကြောင်းကို ဟာသဖြစ်ဖွယ်တင်ဆက်ထားသည့် "ရွှေဖဲ" တစ်မျက်နှာကာတွန်း၊ သူငယ်ချင်းများအနေဖြင့် မရှိအတူ ရှိအတူ မျှဝေစားသောက်သင့်ကြောင်းကို တင်ဆက်ထားသည့် "နှမြောတဲ့စိတ် မထားတော့ပါ" ဝတ္ထု၊ မိမိတို့၏ လောဘကြောင့်ဖြစ်စေ၊ လုပ်နည်းကိုင်နည်း ကျွမ်းကျင်မှုမရှိ၍ဖြစ်စေ မိမိရည်မှန်းထားသည်များကို မရရှိသည့်အပြင် ရင်းနှီးစိုက်ထုတ်ထားသမျှပါ ထပ်မံဆုံးရှုံးမှုများ ကြုံတွေ့နိုင်ကြောင်းကို ကလေးများ သတိပြုဆင်ခြင်နိုင်စေရန် တင်ဆက်ထားသည့် "ဖွတ်မရ ဓားမဆုံး" စကားပုံ၊ မိမိလိုချင်တာကို ရအောင်ယူတတ်သော လင်းသစ်အကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "လင်းသစ်" နှစ်မျက်နှာကာတွန်း မိမိပတ်ဝန်းကျင်ကို သန့်ရှင်းအောင် ဆောင်ရွက်ခြင်းဖြင့် ရောဂါဘယများ ကင်းရှင်းစေကြောင်းကို တင်ဆက်ထားသည့် "ဖိုးလပြည့် " နှစ်မျက်နှာကာတွန်း၊ noun များ၏ ပိုင်ဆိုင်မှုများအကြောင်းကို လေ့ကျင့်ခန်းများနှင့် တကွတင်ဆက်ထားသည့် အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်သည်။ **သတင်းစဉ်**




# စာပေဗိမာန်စာအုပ်ဆိုင်များတွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ရောင်းချ

**ရန်ကုန် ဒီဇင်ဘာ ၁၆**
၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ကို ယခုဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ အတွဲ(၄၈)၊ အမှတ်(၁၂)ကို ထုတ်ဝေလိုက်ပြီ ဖြစ်သည်။ စာစောင်ကို အမည်ပြောင်းလိုက်သလို အတွင်းပိုင်းပါဝင်သော စာမူများကိုလည်း အပိုင်းခွဲ၍ ဖော်ပြထားပါသည်။

လူငယ်များအတွက် အဓိကဦးတည်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်၏ မျက်နှာဖုံး ဆောင်းပါးကဏ္ဍမှာ "ကင်းထောက်ဆိုင်ရာသိကောင်းစရာ" ဖြစ်ပါသည်။ မျက်နှာဖုံး ဆောင်းပါးကဏ္ဍတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၊ ကင်းထောက်ဆိုသည်မှာ၊ ကင်းထောက်ဆိုတာဘာလဲ၊ လူငယ်ရေးရာကဏ္ဍတွင် လူငယ်များအတွက် တွန်းအား၊ ဘုရားသခင် ဖြစ်စေချင်တာက...၊ နိုင်ငံသားတိုင်း အလေးထားလိုက်နာကြစရာ ကျင့်ဝတ်ငါးဖြာ၊ လူငယ်များဦးဆောင်သော ဆန်းသစ်ဖန်တီးမှု၊ Stay at Home နှင့် မျက်စိကျန်းမာရေး၊ ကျွန်ုပ်တို့နှင့် ဆူညံသော ပတ်ဝန်းကျင်၊ ဆင့်၍ ဆင့်ကာတက်လှမ်း လူငယ်တွေရဲ့လမ်း(၁)၊ အကောင်းဆုံးဆရာ၊ လူငယ်ဖွံ့ဖြိုးမှု၊ ယနေ့လူငယ်များနှင့်အချိန်၊ ကဗျာကဏ္ဍတွင် မြားတစ်စင်းနှင့် တေးတစ်ပုဒ်၊ နိုင်ငံတကာဆိုင်ရာကဏ္ဍတွင် အာဖဂန် ဒုက္ခသည်များအား လက်ကမ်းကြိုဆို၊ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာကဏ္ဍတွင် တစ်ဦးချင်းစွမ်းဆောင်ရည်မှ ထိရောက်သော အဖွဲ့အစည်းသို့၊ စီးပွားရေးဆိုင်ရာကဏ္ဍတွင် အရောင်စုံစီးပွားရေး၊ ကျန်းမာရေးဆိုင်ရာကဏ္ဍတွင် ဆန်းသစ်ဖွေရှာ ဆေးပညာ(၂၄၀)၊ စားအုန်းဆီက စားသုံးရန်သင့်ပါသလား၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး၊ ဂျူးရဲ့ကျောရိုး ကျွန်တော်၊ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာကဏ္ဍတွင် ကိုက်အားပြင်းတိရစ္ဆာန်များ၊ ဖြစ်ရပ်မှန်ကဏ္ဍတွင် အသက်ကိုရင်း၍ ခရစ္စမတ်ညလမ်းလျှောက်ထွက်ခြင်း၊ ဝတ္ထုတိုကဏ္ဍတွင် ခရစ္စမတ်ပုံပြင်၊ အထွေထွေကဏ္ဍတွင် အုန်းခြံလုပ်သား မျောက်ကလေးများနှင့် ဟာသ စသည်ဖြင့် ကဏ္ဍမျိုးစုံဆောင်းပါးများ ပါဝင်သည်။

သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း- ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး ဖုန်း-၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ပါသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၁၂-၂၀၂၁ သောကြာနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရွှ်ံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ပုဂံမြေမှ ယွန်းလက်မှုပညာ
- **၀၉:၁၅** မျက်မှောက်ရေးရာအမြာမြာ
- **၀၉:၄၅** Soccer View
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၁၅** လူမှုစီးပွားမြင်ကွင်းများ
- **၁၁:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း 'စည်းအခြားကမ်းအတား'
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဇီဝဗေဒဘာသာရပ်'
- **၁၅:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'စိတ်၏ကကြိုး'
- **၁၆:၃၀** ၂၀၁၃ ဆီးဂိမ်းအမှတ်တရအစီအစဉ် (ပိတ်ပွဲအခမ်းအနား) (အပိုင်း-၃)
- **၁၇:၄၀** Weekly Sports Info
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** သုတဝေဖြာသီရိဝေဟာ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၄)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** 'တူယှဉ်နွဲ့ပျော် ဂီတပွဲတော်' သီချင်းဆိုပြိုင်ပွဲ (ပွဲစဉ်-၄) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

- **07:01** News
- **07:27** Global Partnership for Brighter Future: Egypt Pavilion at Expo 2020 Dubai
- **07:34** Aseinnaya (Takkatho Lae Lae)
- **07:43** Gemstone Sculptor
- **08:01** Dances of Myanmar "Muun Traditional Dance"
- **08:05** Strolling Along A Memory Link - U Pein Bridge
- **08:24** Myanmar's Traditional Ceramics
- **08:44** Finding Ways for Coexistence between People and Elephants
- **09:01** Life of Sea Urchin Diver
- **09:12** Safari World
- **09:23** Pan Tamawt... Stone Carving
- **09:50** Popa Trip
- **11:01** Discovering Tribes: Enn (Their Life and Customs)

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
မာလကာသီးစိုက်ပျိုးခြင်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
မန်းကျည်းပင်၏ကောင်းကျိုးများ

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချပ်ကျေးရွာမှ တောင်ပေါ်ပန်းသီးများ

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ငါးရံ့သရက်သီးချက်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
အမှောင်ကမ္ဘာထဲမှ စွမ်းအားရှင်လေးများ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
တံငါသည်ဘဝအကြောင်း

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၃)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းပညာ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
တောင်ပေါ်ဒေသမှ အော်ဂဲနစ်စိုက်ခင်း

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သိလျက်နှင့်ထိန်ချန်မှု'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက် သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈)
- **၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် အမျိုးမျိုးအကြောင်းသိကောင်းစရာ (အပိုင်း-၃)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို ဝနေ့တနင်္ဂနွေမှအစ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# (၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနား ဘူးသီးတောင်မြို့၌ကျင်းပ



ဘူးသီးတောင် ဒီဇင်ဘာ ၁၆

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ (၄၇) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးနှင့် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ပေးပို့သည့် ၂၀၂၁ ခုနှစ် (၄၇) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ သဝဏ်လွှာအား ဘူးသီးတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးက ဖတ်ကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

(၄၇) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအဖြစ် ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ခေါင်းအုန်းရိုက်၊ ချောတိုင်၊ လွန်ဆွဲ၊ ကင်းမြီးကောက်၊ မုန့်ကိုက်၊ ပူဖောင်းဖောက်၊ မီတာ (၁၀၀)၊ ဂုန်နီအိတ်စွပ်၊ အပ်ချည်ထိုး၊ ကွမ်းသီးကောက်၊ ခြေပူး၊ ရေအိုးခေါင်းရွက် စသည့် ပြိုင်ပွဲများ ပါဝင်သည့် ပြိုင်ပွဲ ၁၅ မျိုးကို ဘူးသီးတောင်မြို့ မြို့မအားကစားကွင်းတွင် ကျင်းပပြီး ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လှကျော်(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၁၂ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၈၇၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၆၅/၁၂၉၀ ကျပ် | ၁၂၉၀/၁၃၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၇၅/၁၃၀၀ ကျပ် | ၁၃၀၅/၁၃၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၉၀/၁၃၁၅ ကျပ် | ၁၃၄၀/၁၃၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၄၀/၁၃၆၅ ကျပ် | ၁၄၄၅/၁၄၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၇၈၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၁၂ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၀၄ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၃ . ၁၇၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၆၀ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၂၃ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၉ . ၅၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၃၆၇ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၀၀၀ | ၇၃၉ | ၅၉၄၆၄၀၀ |
| MTSH | ၃၀၀၀ | ၃၀၅၀ | ၃၂၈၆ | ၁၀၀၀၇၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၁၀၀ | ၂၀၉၀၀၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၇ | ၄၄၂၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၉၄ ဦးနှင့် အမျိုးသမီး ၈၄ ဦး စုစုပေါင်း ၁၇၈ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ခုနစ်ဦး၊ စုစုပေါင်း ၁၃ ဦး၊ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား သုံးဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ခြောက်ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို



သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဘားအံ၊ ဘူးသီးတောင်၊ တာချီလိတ်နှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ဘားအံမြို့နယ် ကော့ထော်ကျေးရွာရှိ ရော်ဘာခြံအနီးတွင် စောစိန်မြသိန်း(ခ)အမုန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ ကို လည်းကောင်း၊ ကွင်းဆက်အရ ညပိုင်းတွင် ကော့ထော်ကျေးရွာနေ ညွှန့်သန်း၏နေအိမ်သို့ ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၀ ကို လည်းကောင်း၊ ထို့အတူ ဒီဇင်ဘာ ၁၄ ရက် ညနေ ၄ နာရီတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘူးသီးတောင်မြို့နယ် အလယ်ချောင်းကျေးရွာအနီးရှိဓနိတောတွင် ဆာလာအိတ်တစ်လုံးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



စောစိန်မြသိန်း(ခ)အမုန်း၊ ညွှန့်သန်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့ပြင် ဒီဇင်ဘာ ၁၅ ရက် ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဝမ်ကျောက်လုံကျေးရွာအနီးတွင် အားဖီး မောင်းနှင်ပြီး အားဆော် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၆၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ကန်ကြီးကျေးရွာအုပ်စု ကန်ကြီးကျေးရွာအနီး ရပ်စောက်-နောင်ချို သွားကားလမ်းတွင် ရှွင်လန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# နတ်တလင်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**နတ်တလင်း ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် မကျီးစုအုပ်စု သပြေလှရွာ၌ ဒီဇင်ဘာ ၁၆ ရက် နံနက် ၃ နာရီခွဲခန့်က ဦးတင်မောင်ဝင်း(၄၈ နှစ်) နေအိမ် မီးကြွင်းမီးကျန်မှ မီးစတင်လောင်ရာ လူနေအိမ်သုံးလုံး မီးလောင်ပျက်စီးသွား၍ ဦးတင်မောင်ဝင်းအား တာပွန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**




# ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ်ရယူသူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အမျိုးသမီးနှစ်ဦးကို ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ်ရယူသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၉) ရပ်ကွက်နေ မသန်းသန်းခိုင်နှင့် မနွေးနွေးတို့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မ xxx (၃၁ နှစ်)နှင့် လိပ်စာတူ မ xxx (၃၁ နှစ်)တို့ကို မြိတ်မြို့ရှိ KTV၊ အနှိပ်ခန်းတွင် အလုပ်ရမည်ဟု စည်းရုံးပြောဆို၍ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ်ရယူခဲ့သဖြင့် ရွှေပြည်သာမြို့မရဲစခန်း(ပ)၂၃၆၄/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်တွင် တရားခံ သန်းသန်းခိုင်နှင့် နွေးနွေးတို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမ်းမြို့နယ်၌ ခရီးသည်တင်မှန်လုံယာဉ် တိမ်းမှောက်မှုဖြစ်ပွား

**အမ်း ဒီဇင်ဘာ ၁၆**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ မင်းဘူး-စစ်တွေ ကားလမ်းအတိုင်း မောင်းနှင်လာသည့် ကစ္ဆမနဒီ ခရီးသည်တင်မှန်လုံယာဉ်မှာ ဒီဇင်ဘာ ၁၅ ရက် ည ၉ နာရီခန့်တွင် အမ်းတောင်ကျေးရွာအုပ်စု ဆင်ခုံတိုင်ကျေးရွာအနီး လမ်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းဘူးမှ စစ်တွေဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်မှန်လုံယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည်၊ ယာဉ်မောင်းနှင့် ယာဉ်အကူလေးဦးတို့မှာ အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးကာ ခရီးသည်ခြောက်ဦးတွင် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိပြီး ပျောက်ဆုံးနေသည့် ခရီးသည်တစ်ဦးအား သက်ဆိုင်ရာဌာနများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ပူးပေါင်းလိုက်လံ ရှာဖွေလျက်ရှိကြောင်း သိရသည်။

ခရီးသည်တင် မှန်လုံယာဉ် တိမ်းမှောက်မှုဖြစ်ပွားရာနေရာသို့ သက်ဆိုင်ရာဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်ရှစ်ဦးတို့က သွားရောက်၍ အဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးယာဉ်ဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ မွေးမြူရေးကဏ္ဍသို့ ချေးငွေထုတ်ပေးရန် လျှောက်ထားလာသည့် ကုမ္ပဏီ/ လုပ်ငန်းများကို ချေးငွေထုတ်ယူခွင့်ပြု

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက် ( ၆ / ၂၀၂၁)**
**၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၁) ဆုံးဖြတ်ချက်အရ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေး

*(ယမန်နေ့မှ အဆက်)*

| စဉ် | ကုမ္ပဏီ/ လုပ်ငန်းအမည် | လိပ်စာ |
|---|---|---|
| ၁၆၁ | ဦးထွန်းထွန်းနိုင် (ကြက်မွေးမြူရေးလုပ်ငန်း) | ၄၃ လမ်း၊ ဘွဲ့ပင်ကန်ရပ်ကွက်၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၆၂ | ဦးထွန်းမင်းနိုင် (မွေးမြူရေးလုပ်ငန်း) | နေပူကန်ကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၆၃ | ဦးတင်ဝင်း (“ရွှေအိုး” နို့စားနွား မွေးမြူရေးနှင့်နို့ထွက်ပစ္စည်း/ ရေခဲစက်) | ကုလားမတောင်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၆၄ | ဒေါ်မြင့်မြင့်မော် (စွမ်းထက်နိုင် ဥစားကြက်မွေးမြူရေး) | အမှတ် (၁၁၀)၊ အောင်ဇေယျာလမ်း၊ စီ - ဘလောက်၊ ဥစားကြက်မွေးမြူရေးဇုန်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၆၅ | ဦးမောင်ဝင်းတင် (အသားတိုးကြက် မွေးမြူရေးလုပ်ငန်း) | တင်းထိန်ကန်ကျေးရွာ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၆၆ | ဒေါ်အမာဆွေ (ဥစားကြက် မွေးမြူရေးလုပ်ငန်း) | အမှတ် (၃) လမ်း၊ အကွက် အမှတ် (၃၃)၊ ဘီ - ဘလောက်၊ ဥစားကြက်မွေးမြူရေးဇုန်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၆၇ | ဦးအောင်ကျော်သာ (ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း) | အသာပြာကျွန်း၊ ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၆၈ | ဦးမြမောင် (ရေငန်ပုစွန်မွေးမြူရေး) | (၃) ရပ်ကွက်၊ ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၆၉ | ဒေါ်ခင်ဝင်းရီ (ပုစွန်မွေးမြူရေးလုပ်ငန်း) | (၃၄၆) အလံချိန်ကွင်း၊ အလံချိန်ကျေးရွာ၊ ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၇၀ | ဦးကျော်ကျော် (ရေငန်ပုစွန်မွေးမြူရေး) | ရေတွင်းကုန်းကျေးရွာ၊ အုတ်တွင်းအုပ်စု၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၇၁ | ဦးအောင်ဇော်မင်း(ငါးမွေးမြူရေးလုပ်ငန်း) | ထောက်လှေမင်းတန့်ကျေးရွာအုပ်စု၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၇၂ | ဦးမောင်သန်းဝင်း (ပုစွန်မွေးမြူရေးလုပ်ငန်း) | ပြင်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (OSS)၊ ကြေးတိုင်ပြင်ကွင်း၊ အလံချိန်ကျေးရွာ၊ ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၇၃ | ဦးထွန်းဦး (ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ) | ချောင်းဝကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၇၄ | ဦးမောင်မောင်မြင့်(ငါးမွေးမြူရေးလုပ်ငန်း) | စက်စဲကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၁၇၅ | ဒေါ်ကြင်သန်း/ ဒေါ်စန္ဒာဝင်း (ပုစွန်မွေးမြူရေး) | မန်ကျည်းပင်ကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၇၆ | ဦးအိုးဖောက်မောင် (ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း) | အမှတ် (၃) ရပ်ကွက်၊ ပေါက်တောမြို့၊ ရခိုင်ပြည်နယ် |
| ၁၇၇ | ဦးဉာဏ်သိန်း (ငါးမွေးမြူရေးလုပ်ငန်း) | ပေါက်တော (၄) ရပ်ကွက်၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၇၈ | ဒေါ်စိုက်ဖိန် (ဥစားကြက်မွေးမြူရေး) | ချောင်းကောက်ကျေးရွာ၊ နန်းဟူအုပ်စု၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ် |
| ၁၇၉ | ဦးမျိုးသီဟ (ဝက်မွေးမြူရေး) | သရက်ရိုးကျေးရွာ၊ အစုကြီးကျေးရွာအုပ်စု၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၈၀ | ဒေါ်သန်းတင့် (ဝက်မွေးမြူရေး) | ကျီးအင်းအုပ်စု၊ ကျီးဖြူရိုးကျေးရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော် |
| ၁၈၁ | ဦးနိုင်ဝင်းဆွေ (ဥစားကြက်မွေးမြူရေး) | လက်ပံတန်းကွင်းလမ်း၊ ခင်ဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၈၂ | ဦးကျော်ထွန်း (ကြက်မွေးမြူရေးလုပ်ငန်း) | အုပ်စု (၅) လမ်း၊ မြို့ဦးရပ်ကွက်၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ် |
| ၁၈၃ | ဦးအောင်နိုင်ဝင်း (ထက်ရတီထွန်း ဥစားကြက် မွေးမြူရောင်းဝယ်ရေး) | ခြံအမှတ် (၁၁၃)၊ အမှတ် (၅)/ ခ၊ ဥစားကြက်မွေးမြူရေးအထူးဇုန်၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၈၄ | ဦးလှဝင်းအောင် (“ဂေါတမီ” နို့စားနွား မွေးမြူရေး၊ နို့ထွက်ပစ္စည်းဖြန့်ချိရေး) | အမှတ် (၈၅၈)၊ စံပယ်လမ်း၊ တောင်ပြင် (၁) ရပ်ကွက်၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၁၈၅ | ဒေါက်တာဇော်မြင့်ကျော်(“တော့(ပ်)ဝမ်း” မွေးမြူရေးလုပ်ငန်း) | မြောက်ကျီရွာ၊ နှောယင်းလမ်းခွဲ၊ ဘုတလင်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၈၆ | ဦးဇော်မင်းဋ္ဌေး (ရွှေအိမ်စည်ပန်းပွင့် ကုမ္ပဏီလီမိတက်) | အမှတ် (၁၈၂)၊ ရင်းတော်ကျေးရွာ၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၈၇ | ဦးမောင်စိုး (နွားမွေးမြူရေး) | ထနောင်ဝင်းကျေးရွာ၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၁၈၈ | ဦးဝင်းသိန်းကျော် (အသားစားကြက်မွေးမြူရေး) | ဇလပ်ကွင်းကျေးရွာ၊ တောင်ဒီးကျေးရွာအုပ်စု၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၈၉ | ဦးဝင်းမြင့် (ဒေသနွားမွေးမြူရေး) | ဦးကင်းကြည်ကျေးရွာ၊ ချပ်သင်းအုပ်စု၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၉၀ | ဦးအောင်ဝင်းစိုး (အသားစားကြက်မွေးမြူရေး) | ချောင်းစောက်ကျေးရွာတောင်ခြေ၊ မြင်စခွန်ကျေးရွာအုပ်စု၊ ရှမ်းပြည်နယ် |
| ၁၉၁ | ဦးအေးကျော်အောင် (ငါးမွေးမြူရေးလုပ်ငန်း) | ထောက်လှေမင်းတန့်ကျေးရွာအုပ်စု၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၉၂ | ဦးအင်ဂန်လတောင် (ငါးမွေးမြူရေးလုပ်ငန်း) | နောင်ချိန်းကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ် |

အပါအဝင် မွေးမြူရေးကဏ္ဍသို့ ချေးငွေထုတ်ပေးရန် လျှောက်ထားလာသည့် ကုမ္ပဏီ/ လုပ်ငန်းများအနက် ပူးတွဲစာရင်းပါ ကုမ္ပဏီ/ လုပ်ငန်း (၂၃၂) ခုသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူခွင့်ပြုလိုက်သည်။

၂။ ချေးငွေထုတ်ယူခွင့် ရရှိသူများအနေဖြင့် ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေထုတ်ပေးရာတွင် ဘဏ်တစ်ခုခု၌ တရားစွဲဆိုခံထားရသည့် လုပ်ငန်းဖြစ်ပါက ချေးငွေများ ထုတ်ပေးမည် မဟုတ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| ၁၉၃ | ဦးဝင်းညွန့် (ငါးမွေးမြူရေး) | ကျေးတောကျေးရွာ၊ ညိုပင်ရှိုးအုပ်စု၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၉၄ | ဦးမျိုးဝင်း (နွားမွေးမြူရေး) | လင်းကတောကျေးရွာ၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၁၉၅ | ဦးသိန်းမောင် (မွေးမြူရေးလုပ်ငန်း) | နေပူကန်ကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၉၆ | ဦးမြင့်ဋ္ဌေး (နွားမွေးမြူရေး) | ကန်ဖူးကျေးရွာ၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၁၉၇ | ဦးခင်မောင်ညွန့် (သိုး၊ ဆိတ်မွေးမြူရေး) | ကျွဲတိကျေးရွာအုပ်စု၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၁၉၈ | ဦးဦးသာ (ကြက်မွေးမြူရေးလုပ်ငန်း) | ဒုက္ကန်ချောင်းကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၉၉ | ဦးမောင်သောင်း (ဥစားကြက် မွေးမြူရေးလုပ်ငန်း) | တိမ်ညိုကျေးရွာ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၀၀ | ဝေဖြိုးပိုင် (မြန်မာတိုင်းရင်းကြက် မွေးမြူရေး) | ဟသ်ာကန်ရပ်ကွက်၊ (၂၉) လမ်း၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၂၀၁ | ဦးထွန်းသိန်းမြင့် (ဥစားကြက် မွေးမြူရေးလုပ်ငန်း) | စက်သားကျေးရွာ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၀၂ | ဦးမောင်ထွန်း (ဒေသကျွဲ မွေးမြူရေးလုပ်ငန်း) | ငပြီတက်ကျေးရွာ၊ ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၀၃ | ဒေါ်ရီရီဆွေ (မိဘမေတ္တာ မွေးမြူရေး) | ဗိုလ်တေဇလမ်း၊ နန္ဒဝန်ရပ်၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၀၄ | ဦးကျော်သိန်းမောင် (ဒေသကျွဲ မွေးမြူရေးလုပ်ငန်း) | ငပြီတက်ကျေးရွာ၊ ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၀၅ | ဦးဦးရွှေသန်း (အသားတိုးကြက် မွေးမြူရေး) | တိမ်ညိုကျေးရွာ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၀၆ | ဒေါ်ဇင်မာစိုး (နွားမွေးမြူရေးလုပ်ငန်း) | လှော်ကထားကျေးရွာ၊ လှော်ကထားကျေးရွာအုပ်စု၊ လေးမျက်နှာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၂၀၇ | ဦးစံရွှေမြ (ဒေသကျွဲမွေးမြူရေးလုပ်ငန်း) | အလယ်ကျွန်းကျေးရွာ၊ ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၀၈ | ဦးဆန်းဦး (ဝက်အသားတိုးမွေးမြူခြင်း) | ချောင်းကောက်ကျေးရွာ၊ နန်းဟူအုပ်စု၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ် |
| ၂၀၉ | ဦးစောရွှေကျော် (နွားမွေးမြူရေးလုပ်ငန်း) | နတ်ကျွန်းကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ် |
| ၂၁၀ | ဦးကိုကိုဦး (ကျွဲနွားမွေးမြူရေးလုပ်ငန်း) | (၄) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ဟဲဟိုးမြို့နယ်၊ ရှမ်းပြည်နယ် |
| ၂၁၁ | ဦးမောင်သိန်း (ငါးပုစွန် မွေးမြူရေးလုပ်ငန်း) | လွန်းလုံးပိုက်ကျေးရွာ၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၁၂ | ဦးစောမြင့်သိန်း (ပုစွန်မွေးမြူရေးလုပ်ငန်း) | ကျောက်ငူကျေးရွာအုပ်စု၊ ကွင်းအမှတ် (OSS)၊ ကြေးတိုင်ပြင်ကွင်း၊ ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၁၃ | ဒေါ်ဇင်သူထိုက် (ပုစွန်မွေးမြူရေး) | အုတ်တွင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၂၁၄ | ဦးထွန်းလှ (ငါးပုစွန်မွေးမြူရေးလုပ်ငန်း) | လွန်းလုံးပိုက်ကျေးရွာ၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၁၅ | ဦးအောင်ကျော်မင်း (ငါးမွေးမြူရေး) | သင်ကတုံကျေးရွာအုပ်စု၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၆ | ဒေါ်သန်းသန်းဦး (ငါးပုစွန်မွေးမြူရေး) | ငပြီးကျွန်း၊ သရက်တောကျေးရွာ၊ ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၁၇ | ဦးဘခင် (ငါးပုစွန်မွေးမြူရေးလုပ်ငန်း) | ဖောင်းခါးကျေးရွာ၊ တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၁၈ | ဆန်ထားကျွန်း (ငါးပုစွန်မွေးမြူရေးကန်) | ဖောင်းခါးကျေးရွာ၊ တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၁၉ | အောင်လက်ယာ (ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးကန်) | ဖောင်းခါးကျေးရွာ၊ တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၂၀ | ဦးထွန်းစိုးလှိုင် (အသားတိုးကြက် မွေးမြူရေးလုပ်ငန်း) | ကုလားချောင်းကျေးရွာ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၂၁ | ဦးသန်းထွန်း (ဥစားကြက်မွေးမြူရေး) | ရှမ်းရိုးမမွေးမြူရေးဇုန်၊ ၁ လမ်း၊ တိလောကျေးရွာ၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ် |
| ၂၂၂ | ဦးရဲမြတ်ကျော် (ဟာကျူလီ နို့စားနွားမွေးမြူရေးလုပ်ငန်း) | ပဒေသာကျေးရွာအုပ်စု၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၂၃ | ဦးသန်းညွန့်မောင် (ကြက်မွေးမြူရေး လုပ်ငန်း) | အပေါက်ဝကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၂၄ | ဦးအောင်ဇော်ဦး (ဝက်မွေးမြူရေး လုပ်ငန်း) | အမှတ် (၃) ရပ်ကွက်၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၂၅ | မင်းဇာနည်ကုမ္ပဏီလီမိတက် | အမှတ် (၄)၊ (ခ/၁)၊ လှိုင်မြစ်ကမ်းလမ်း၊ သောင်ကြီးတောင်ရပ်ကွက်၊ ဇုန် (၁)၊ ရပ်ကွက် (၆)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၂၆ | ရွှေအင်ပါယာ (အန်အမ်) ကုမ္ပဏီလီမိတက် | အမှတ် (၁-၅)၊ (၆-၂၀)၊ သခင်ဖိုးလှကြီးလမ်း၊ မေတ္တာလမ်းထောင့်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၂၇ | စုပေါင်းညီညာမြိတ်ကုမ္ပဏီလီမိတက် (ငါးမွေးမြူရေးလုပ်ငန်း) | အမှတ် (၁)၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၂၈ | ဦးမြင့်စိုး (ငါးမွေးမြူရေးလုပ်ငန်း) | အယွန်းကျေးရွာ၊ ရွှေလောင်း၊ ဝါးခယ်မမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၂၂၉ | ဦးစောကျော့ခိုင် (ငါးမွေးမြူရေးလုပ်ငန်း) | ထရော်ညောင်ဝိုင်းကြီးကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၂၃၀ | ဒေါ်ခင်သန်းရွှေ (ကဏန်းပျော့ မွေးမြူရေး) | ကွင်းအမှတ်(၄၇၇)၊ စိုင်ခြံတိန်ကွင်း၊ စိုင်ခြံကျေးရွာအုပ်စု၊ ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၂၃၁ | ပုသိမ်သား ပင်လယ်စာ ကုမ္ပဏီလီမိတက် | အမှတ် (၁၀၆)၊ ပါရမီလမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၃၂ | ဦးကျော်လွင် (ငါးမွေးမြူရေးလုပ်ငန်း) | အမှတ် (၆၁/က)၊ (၉) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး |





# ပြည်မြို့၊ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ပြည်မြို့၊ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် (၂၀၂၁-၂၀၂၂)ခုနှစ်၊ လုံးတော်ပြည့်ရွှေသင်္ကန်းတော် ကပ်လှူပူဇော်မည်ဖြစ်ပါ၍ အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသူများထံမှ ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ခေါ်ယူအပ်ပါသည်-

(က) ရွှေဆိုင်းဝယ်ယူခြင်းလုပ်ငန်း

(ခ) ရွှေချလုပ်ငန်းဆောင်ရွက်ခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံများကို ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးတွင် ၁၅-၁၂-၂၀၂၁ ရက် နံနက် ၉ နာရီမှစ၍ တစ်စောင်လျှင် ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်း)နှုန်းဖြင့် ဝယ်ယူရန်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၅၃-၂၅၁၈၀၊ ၀၅၃-၂၅၀၃၅တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။


၃။ ချိတ်ပိတ်တင်ဒါလျှောက်လွှာများကို ၁၅-၁၂-၂၀၂၁ရက်မှ ၂၈-၁၂-၂၀၂၁ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ဂေါပကအဖွဲ့

ရွှေဆံတော်စေတီတော်မြတ်ကြီး၊ ပြည်မြို့

# သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့

### တံဆိပ်အမည်အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း




ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ရတနာလမ်း၊ အိမ်အမှတ်(စီစီ-၁၆)နေ ဦးကျော်စွာအောင်မှ Shwe Nann Taw(ရွှေနန်းတော်)တံဆိပ်အမည်အမှတ်အသားဖြင့် မက်မန်းနှင့် သီးစုံဖျော်ရည်လုပ်ငန်းထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပြီး အဆိုပါ တံဆိပ်အမည်အမှတ်အသားအား ပြင်ဦးလွင် မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်စွာအောင် ၉/မမန(နိုင်)၀၈၇၆၀၄

အိမ်အမှတ်(စီစီ-၁၆)၊ ရတနာလမ်း၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့

# ပြည်မြို့၊ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

